# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၂၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၅ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၅.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ်ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၂-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော်ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၅ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၁ ဦးအနက် ၈ ဦးကတော့ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၅၃ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၂) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၄) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၆) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၁ ရက်၊

(၇) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၈) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၉) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၀) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၁) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၂) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၂ ရက်၊

(၁၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၅) သံလျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၅ ရက်၊

(၁၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁၂ ရက်၊

(၁၇) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၉) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၂၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၂၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၁ ရက်၊

(၂၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၃) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၄) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၂၅) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၂၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၇) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၅ ရက်၊

(၂၈) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂၉) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ခွင့် ၁ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးမင်းအေး ခွင့် ၁ ရက်၊

(၃၂) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၃) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၁ ရက်၊

(၃၄) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၃၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၃၆) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၃၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၃၈) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ)ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၃၉) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၄၀) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၄၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၄၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၄၃) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၄၄) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁၀ ရက်၊

(၄၅) ဥတ္တရသီရိဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၅ ရက်၊

(၄၆) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၄၇) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၁ ရက်၊

(၄၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၄၉) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၂ ရက်၊

(၅၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၅၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၅၂) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်နှင့်

(၅၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေပြာကျေးရွာအား ရေကာတာပြုလုပ်ပေး၍ ရေလမ်းကြောင်းပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးရှိ ပေါက်မြို့နယ်၊ ရေပြာကျေးရွာမှာ ပခုက္ကူမြို့နှင့် ပေါက်မြို့အကြားတွင်ရှိပြီး ပခုက္ကူ ပေါက်၊ ကျောက်ထုတ်၊ မင်းလှ၊ မတူပီသို့ သွားလာပြီး ပြည်ထောင်စုလမ်းမကြီးနှင့် ပုသိမ်-မုံရွာသွားလာသည့် လမ်းမကြီးဆုံရာ ယောချောင်း တံတားအမှတ် (၂) ရေပြာတံတားဘေးတွင်တည်ရှိပါတယ်။ ၂၄ နာရီမီးရရှိကာ ရဲစခန်း၊ အ.ထ.က ကျောင်းနှင့် တိုက်နယ်ဆေးရုံတည်ဆောက်ခွင့်ရရှိထားပြီး လူစည် ကားသည့် လမ်းဆုံရွာကြီးဖြစ်ပါတယ်။ အဆိုပါရွာနှင့်ကပ်လျက် သံတမော်ကျေးရွာကြားမှာ ရေပြာသဲချောင်းရှိပါတယ်။ ထိုချောင်းမှာ ယောချောင်းအတွင်းသို့ပေါင်းစည်းဝင်ရောက်လျက်ရှိပါတယ်။ ထိုရေပြာသဲချောင်းကြီးမှာ မိုးတွင်း ကာလများတွင်ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိပြီး ရေပြာကျေးရွာတောင်ဘက်ခြမ်း လူနေအိမ်များအပါအဝင် ရေပြာလျှပ်စစ်ရေတင်စက်များကိုပါ အမြဲအန္တရာယ်ကျရောက်စေခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖြစ်ပေါ်ခဲ့သော O2P မုန်တိုင်းကြောင့် အဆိုပါ ရေကြီးရေလျှံမှုများဖြစ်ကာ ရေပြာကျေးရွာတောင်ဘက်ခြမ်းကို ရေဘေးအန္တရာယ်များ ကျရောက်ခဲ့၍ လူ ၆ ဦးအသက်ဆုံးရှုံး ခဲ့ရသည့်အပြင် လူနေအိမ်၊ အိမ်မွေးတိရိစ္ဆာန်များ၊ လယ်မြေ၊ ယာမြေများ အပါအဝင် ယောချောင်းတံတားအမှတ်(၂) ရေပြာတံတားချဉ်းကပ်လမ်းမကြီးကို ပျက်စီးခဲ့ပြီးလမ်းအောက်ဘက်ရှိ ဆင်သေကျေးရွာ၊ ကျွန်းပင်စုရွာ၊ အောက်ကျင်းကျေးရွာများကိုလည်း ရေကြီး၊

ရေလျှံမှုဖြစ်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါတယ်။ ထိုအန္တရာယ်ကိုလျော့ပါးစေရန်အတွက် ရေပြာကျေးရွာနေပြည်သူများမှ ကိုယ်ထူကိုယ်ထရေကာတာများပြုလုပ်ခဲ့သလို ဆည်မြောင်းဦးစီးဌာနမှလည်း ကူညီမှုအချို့ပေးခဲ့သော်လည်း စိတ်ချရသည့်အခြေအနေမရှိ စိုးရိမ်ရမြဲဖြစ်နေရပါတယ်။ အဆိုပါ သဲချောင်းကြီးကို အချိန်မီရေကာတာရယူ ရေလမ်းကြောင်းကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက ရေကြီးရေလျှံမှုများထပ်မံဖြစ်ပေါ်ကာ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ကျရောက်နိုင်သည့်အပြင် လျှပ်စစ်ရေတင်စံပြုလယ်စိုက်ဧက ၁၀၀၀ တွင် ရေပြာကျေးရွာ၊ ဆင်သေကျေးရွာ၊ ကျွန်းပင်စုကျေးရွာ၊ အောက်ကျင်းကျေးရွာများရှိလူနေအိမ်စုစုပေါင်း ၅၀၀ နှင့် လူဦးရေ ၂၀၀၀ခန့် တို့အပေါ်အန္တရာယ်များကျရောက်နိုင်ပြီး အသစ်တည်ဆောက်မည့် ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ ယောချောင်းတံတားအမှတ် (၂၀) ရေပြာတံတား၏ချဉ်းကပ်လမ်းကိုလည်းများစွာ အန္တရာယ်ကျရောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါသဲချောင်းကြီးကို ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေကာတာရယူ၍ ရေလမ်းကြောင်းပြုပြင်ပေးစေလိုသော ဆန္ဒများဖြင့်ဒေသခံပြည်သူများက မျှော်လင့်နေကြပါတယ်။ ဒါကြောင့် အထက်ဖော်ပြပြီးဖြစ်သော ရေပြာသဲချောင်းကို ပြည်ထောင်စုအစိုးရမှ သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေပြာကျေးရွာအားရေဘေးအန္တရာယ် ကာကွယ်နိုင် ရန်၊ ရေကာတာပြုလုပ်ပေး၍ ရေလမ်းကြောင်းကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိလို၍ဖြေကြားပေးပါရန် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုမေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖြေကြားချက်မှာ ပေါက်မြို့နယ်၊ သမားတော်ကျေးရွာအုပ်စု၊ ရေပြာကျေးရွာအတွင်းသို့ ၂၀၁၁

ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရေပြာချောင်းရေများဝင်ရောက်၍ လူ ၆ ဦးသေဆုံးခဲ့ပြီး အိမ် ၃၃ လုံးနှင့် လယ်ယာမြေများပျက်စီးခဲ့ပါတယ်။ ၂၅-၁၀-၂၀၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ရေပြာသို့လာရောက်သည့်ခရီးစဉ်တွင် ရေပြာချောင်း၌ ရေကာတာပြုလုပ်ပေးရန်တင်ပြခဲ့သည့် အတွက် မြစ်ချောင်းအင်းအိုင်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ကိုယ်တိုင်လာရောက်၍ အလျား ၁၂၀၀ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၅ ပေရှိသော မျောရိုက်၊ ဝါးကပ်ကာ၊ သဲအိတ်ချ၊ ရေကာတာ တည်ဆောက်ပေးခဲ့ပါသည်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ရေပြာရွာအနောက်ဘက် ပေါက်-ပခုက္ကူလမ်းမှ ယောချောင်းအထိရေလွှဲမြောင်းကို တူးဖော်ဆောင်ရွက်ပေးခဲ့ပါသည်။ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ဆောင်ရွက်ပေးပြီးမြစ်ချောင်းအင်းအိုင် ဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း အစီရင် ခံတင်ပြအပ်ပါသည်။

ရေပြာရွာသည် ယောချောင်းနှင့် ရေပြာချောင်းဆုံသည့်အောက်ဖက်တွင်ရှိသောကြောင့် ယောချောင်းရေကြီးချိန်တွင် ရေပြာချောင်းရေကျဆင်းလာပြီးရွာအတွင်းသို့ ဖြတ်စီးဝင်သောကြောင့် ရေပြာရွာသားများမှ ရေပြာရွာအနောက်ဘက် ချောင်းရိုးတစ်လျှောက်ခိုင်ခန့်သော ရေကာတာ ထပ်မံ လုပ်ပေးစေလို၍ တင်ပြခြင်းဖြစ်သည်ကို သိရှိရပါကြောင်း တင်ပြအပ်ပါသည်။ သို့ပါ၍ အဆိုပါ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သို့ရန်ပုံငွေတင်ပြတောင်းခံ၍ရရှိပါက လယ်ယာစိုက် ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ကျောက်တော်မြို့ကိုသန့်ရှင်းလှပသောမြို့အဖြစ်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံခြားသားဧည့်သည်များ အား လာရောက်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဌာနဆိုင်ရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှကိုယ်စားလှယ် ဦးသာစိန်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးရမယ့်မေးခွန်းကတော့ ကျောက်တော်မြို့ကို သန့်ရှင်းလှပ သောမြို့အဖြစ်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံခြားဧည့်သည်များ လာရောက်ခွင့်ပြုရန်အစီအစဉ် ရှိ/မရှိ

ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမမေးခင်မှာ အချက်အလက်အချို့ကို ကျွန်တော်တင်ပြ လိုပါတယ်။ ပထမအချက်ကတော့ ကျောက်တော်မြို့နယ်ဖြစ်ပါတယ်။ ကျောက်တော်မြို့ဟာ ရခိုင်ပြည်နယ်၊ မြောက်ဘက်အဆုံးမှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နဲ့ထိစပ်ပြီးတော့ တည်ရှိနေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ အနောက်ရခိုင်ရိုးမတောင်တန်းရဲ့ လွင်ပြင်ကစ္စပနဒီ၊ ကုလားတန်မြစ်လို့ခေါ်တဲ့ ကစ္စပနဒီမြစ်ရဲ့ ကမ်းဘက်မှာတည်ရှိပါတယ်။ ရပ်ကွက်အားဖြင့် ၇ ရပ်ကွက်ရှိပြီးတော့ လူဦးရေတစ်သိန်း ပတ်ဝန်းကျင်ရှိပါတယ်။ များသောအားဖြင့်တော့ လယ်လုပ်တဲ့လူတွေများကြပါတယ်။ မြို့ပေါ်မှာတော့ ကုန်ရောင်းကုန်ဝယ်လုပ်တဲ့သူတွေနဲ့ အစိုးရဝန်ထမ်းများရှိကြပါတယ်။ နောက်တစ်ခုကတော့ ကစ္စပနဒီမြစ်ဖြစ်ပါတယ်။ အဲ့ဒီ ကစ္စပနဒီမြစ်ဟာ အိန္ဒိယအာသံ ကနေပြီးတော့ စီးဆင်းပါတယ်။ အဲ့ဒီကမြစ်ဖျားခံပြီးတော့ ပလက်ဝကိုဖြတ်ပြီးတော့ ကျောက်တော်မြို့ဘက်ကိုစီးလာပါတယ်။ ကျောက်တော်ကနေပြီးတော့မှ စစ်တွေဘက်ကိုဖြတ်သန်း စီးဆင်းပြီးတော့ ပင်လယ်ဝဘက်ကို စီးဆင်းလာပါတယ်။ အဲ့ဒီမှာ ထူးခြားတာတစ်ခုကတော့ အဲ့ဒီ ကစ္စပနဒီမြစ်ဟာ ကျောက်တော်မြို့ကို တည်ရှိနေတဲ့ ကစ္စပနဒီမြစ်ဟာ ရေချိုမြစ်ဖြစ်ပါတယ်။ အဲ့ဒီရေချို မြစ်ဖြစ်တဲ့အတွက် ကျောက်တော်အနီးအနားဘက်ကနေပြီးတော့ ရွာသူရွာသားတွေက အဲ့ဒီရေကိုသုံးကြတယ်။ အဲ့ဒီရေကို သောက်တယ်၊ဖွတ်တယ်။ ရေချိုးကြတဲ့ အလေ့အထရှိကြပါတယ်။ နောက်တစ်ခုကတော့ ကျောက်တော်တောင်ဖြစ်ပါတယ်။ ကျောက်တော်မြို့ရဲ့ အရှေ့ဘက်မှာ ကစ္စပနဒီမြစ်ရှိသလို အဲ့ဒီတစ်ဖက်ကမ်းမှာလည်း ကျောက်တော်တောင်ရှိပါတယ်။ ကျောက်တော် တောင်ဟာပေ ၃၀၀ ကျော်လောက်မြင့်ပြီးတော့ သေလာဂီရိ၊ မောရပက္ခရတောင်လို့ခေါ်ပါတယ်။ အဲ့ဒီအကြောင်းကိုပြောရတာကလည်း အကြောင်းရှိပါတယ်။ တတိယ ဓညဝတီခေတ် စန္ဒသူရိယ မင်းလက်ထက်မှာ မြတ်စွာဘုရားဟာ မဟာမြတ်မုနိသို့ကြွလာပါတယ်။ ရဟန္တာ ၅၀၀ ခြံရံပြီးတော့ ကြွလာပါတယ်။ သက်တော် ၅၀၊ ဝါတော် ၂၀ မှာကြွလာပါတယ်။ အဲ့ဒီလို စါန်နဲ့ ကြွလာတဲ့အခါမှာ ပထမဆုံးနားခဲ့တဲ့ တောင်တော်ကတော့ ကျောက်တော်တောင်ဖြစ်ပါတယ်။ အဲ့ဒီ သေလာဂီရိ မောရပက္ခရ ကျောက်တော်တောင်မှာနားခဲ့တဲ့အတွက် အဲ့ဒီတောင်ဟာလည်း ကျောက်တော်ရဲ့အကျဉ်းကိုဖော်ပြတဲ့နေရာမှာတင်ပြရခြင်းဖြစ်ပါတယ်။ အဲ့ဒီကမှတစ်ဆင့် အဲ့ဒီတောင်ရဲ့အရှေ့ဘက်မှာ ၅ မိုင်လောက်အကွာမှာ မဟာမြတ်မုနိဘုရားအရှင်တော်မြတ်ရှိပါတယ်။ မဟာမြတ်မုနိဘုရားဟာလည်း ရှေးဟောင်းအရင်တုန်းကတော့ ဓညဝတီမြို့ရိုးမြို့ဟောင်း၊မြို့ တို့တည်ရှိတဲ့နေရာလည်းဖြစ်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုနေရာလို့ သတ်မှတ်ထားတဲ့နေရာလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာများ၊ ဘုရားဖူးများ၊ သုတေသီများလာရောက်တဲ့နေရာလည်းဖြစ်ပါတယ်။ ယဉ်ကျေးမှု

နယ်မြေလည်းဖြစ်ပါတယ်။ နောက်တစ်ခုက အဲ့ဒီ ကျောက်တော်တောင်နှင့် ကျောက်တော်မြို့ကြားမှာ စီးဆင်းနေတဲ့ ကစ္စပနဒီမြစ်ကို ပေါင်းကူးတံတားအနေနဲ့ ရန်ကုန်-စစ်တွေကားလမ်း တံတားတည် ဆောက်ထားပါတယ်။ ကစ္စပနဒီတံတားလို့ခေါ်ပါတယ်။ အဲ့ဒါကြောင့် ကျောက်တော်မြို့ဟာ တည်နေရာ အနေအထားအရ ပိုမိုလှပပြီးတော့ ကြည့်ကောင်းတဲ့ မြို့တစ်မြို့ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်အကြီးအကဲများရဲ့ဆန္ဒပါ။ အဲ့ဒါကတော့ ဘာလဲဆိုရင် မဆလခေတ်ကနေပြီးတော့ အခုအချိန်ထိ နိုင်ငံတော်အကြီးအကဲတွေဟာ ကျွန်တော်တို့ ကျောက်တော်မြို့ဘက်ကိုလာရောက်လေ့ ရှိပါတယ်။ ကျောက်တော်မြို့ရဲ့အနေအထားကို သဘောကျပြီးတော့ ဒီကျောက်တော်မြို့မှာ လှလှပပ သန့်သန့်ရှင်းရှင်းဖြစ်အောင်လုပ်ကြပါဆိုပြီးတော့ ညွှန်ကြားခဲ့တာလည်းရှိပါတယ်။ ဥပမာပြောရရင် ဟိုအင်္ဂလိပ်ခေတ်က ဗိုလ်တဲလို့ခေါ်တဲ့ ဧည့်ရိပ်သာကိုဖျက်ပြီးတော့ ကမ်းနားမှာဘယ် အဆောက်အဦ ကိုမှ ဆောက်ခွင့်မပြုခဲ့ပါဘူး။ သန့်သန့်ရှင်းရှင်းထားခဲ့ကြပါတယ်။ ဒါပေမယ့် ခုနက ကျွန်တော် တင်ပြတာက ကျောက်တော်မြို့ရဲ့အနေအထားဖြစ်ပါတယ်။ ကျောက်တော်မြို့ဟာ အဲ့လို သဘာဝမြေ အနေအထားအရ သန့်ရှင်းလှပပြီးတော့တည်ရှိနေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါပေမယ့် အခုအခါမှာ တော့ အဲ့ဒီလိုလှပနိုင်ရန် လှပတဲ့သဘာဝအားဖြင့်တည်ရှိနေတဲ့ ကျောက်တော်မြို့ဟာ ယခုအုပ်ချုပ်ရေး ခေတ်မှာ အလွန်ညစ်ပတ်နေတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ အကြောင်းကတော့ မြို့သူမြို့သားများ အပန်း ဖြေဖို့ ပန်းခြံများကိုဖျက်ပြီးတော့ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်များကို အခသဘောပေးတယ်။ အဲ့ဒီ ပန်းခြံနေရာမှာပဲ ကျောက်ထုတယ်၊ အုတ်သယ်တယ်၊ ကျောက်သယ်တယ်၊ သဲများစုပုံထားတယ်၊ ထော်လာဂျီတွေဝင်တယ်ထွက်တယ်။ ဆူဆူညံညံနဲ့ တော်တော်လေးကို ရုပ်ပျက်ဆင်းပျက် ကမ်းနား မှာဖြစ်နေပါတယ်။ ကျောက်တော်မြို့အရှေ့ဘက် မြို့မဆိပ်ကမ်းမှာလည်း ကုန်အရောင်းဆိုင်တွေကို ငွေကြေးရယူပြီးတော့ နေရာချထားပေးပါတယ်။ ထိုချထားပေးတဲ့ ဆိုင်ခန်း များမှာ လူများနေထိုင် ပြီးတော့ အများသုံးမြစ်ကမ်းတစ်လျှောက်ပေါ်မှာ မစင်စွန့်ကြပါတယ်။ နောက်ဖေးအိမ်သာသွားကြ ပါတယ်။ အဲ့ဒါကြောင့်အရင်တစ်ခါက လူတွေရေချိုးတဲ့ အဝတ်လျှော်တဲ့ နေရာတွေဟာ ညစ်ပတ် ပေရနေတဲ့ မြို့တစ်မြို့အနေနဲ့ဖြစ်လာနိုင်ပါတယ်။ နောက်ပြီးတော့ လူဝင်လူထွက်များတဲ့ ဈေးရှေ့မှာ လည်း အမှိုက်သရိုက်တွေစုပုံနေပြီးတော့ ဆိုက်ကား၊သုံးဘီး၊ ဆိုင်ကယ်များစီစဉ်စနစ်တကျမရှိပဲ ရှုပ် ထွေးစွာရှိနေကြပါတယ်။ ဈေးအရှေ့ဘက်မှာရှိတဲ့ယခင်က ပယသဖပိုင်တံတားကြီးမှာလည်း ပြုပြင်သူ မရှိသဖြင့် ခရီးသွားသင်္ဘောသားများ၏ သင်္ဘောသမ္ဗန် များ ဆိုက်ကပ်နေရခြင်း ဖြစ်နေရပါတယ်။ တံတားအောက်မှာလည်း ပလက်စတစ်အမှိုက်သရိုက်နှင့် ရှုပ်ပွညစ်ပတ်စွာ တည်ရှိနေကြပါတယ်။

ခြုံ၍ပြောရရင် ကျောက်တော်မြို့ဟာ အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့် အလွန်အကျည်းတန်သော မြို့တစ်မြို့ဖြစ်နေပါတယ်။ ထိုကိစ္စကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တင်ပြရန် အုပ်ချုပ်ရေးမှူးများအား သွားရောက်တွေ့ဆုံ သော်လည်း ကျွန်တော်တို့ကိုအတွေ့မခံခဲ့ပါ။ ထို့အပြင် ပြည်သူ့လွှတ်တော်မှ လယ်ယာမြေစစ်ဆေးရေး ကော်မတီဝင်များ လာရောက်ပြီးတော့ လယ်ယာမြေများ စိစစ်တဲ့အခါလည်း အုပ်ချုပ်ရေးမှူးဟာ ခွင့်ယူပြီးတော့ ရှောင်ပြေးနေခဲ့ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့ကို သန့်ရှင်းလှပသော မြို့တစ်မြို့အဖြစ် သမိုင်းဝင်ဓညဝတီမြို့နှင့် မဟာမြတ်မုနိ ရှိရာသို့ နိုင်ငံခြားဧည့်သည်များ လာရောက် ခွင့်ပြုမည်ဆိုပါလျှင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအနေဖြင့် ဝင်ငွေတိုးတက်လာမည့်အပြင် ကျောက်တော်မြို့မှာလည်း တိုးတက်လှပသော မြို့ဖြစ်လာနိုင်ပါမည်။ ထိုအချက်များကြောင့် အောက်ပါ မေးခွန်းများကို ပြည်သူများကိုယ်စားမေးမြန်းအပ်ပါတယ်။ မေးခွန်း (၁) ရခိုင်ပြည်နယ် ကျောက်တော်မြို့ကို သန့်ရှင်းလှပသောမြို့နယ်အဖြစ် ဥပမာအားဖြင့် ပြည်တွင်း ပြည်သူ့ပန်းခြံများဖြင့် ဆောက်လုပ်ပေးခြင်း၊ ဆိပ်ကမ်းတံတားများဆောက်လုပ်ပေးခြင်း၊ ကမ်းနားတစ်လျှောက် အမှိုက်များကိုဖယ်ရှားခြင်း၊ ကမ်းနားလမ်းမကြီးကို ကားသွားကားလာ အဆင်ပြေအောင် လုပ်ပေးခြင်းစသည်အားဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိပါသလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ နံပါတ် (၂) မေးခွန်းကတော့ လုံခြုံရေးကို အကြောင်းပြု၍ နိုင်ငံရပ်ခြားဧည့်သည်များလာရောက်ခြင်းကို တားမြစ်ထားရာ ယခုအခါမှာ နယ်မြေအေးချမ်းသာယာလာပြီဖြစ်ပါသဖြင့် နိုင်ငံခြားဧည့်သည်များအား သမိုင်းဝင်ဓညဝတီမြို့ရိုး၊ မဟာမုနိဘုရားသို့ ယဉ်ကျေးမှုမြောက်ဦးမြို့မှတစ်ဆင့် လာရောက်သကဲ့သို့ ယဉ်ကျေးမှုမြောက်ဦးမြို့ကို ခရီးသွားများလာရောက်သကဲ့သို့ လာရောက်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် မြို့နယ်ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်မေးမြန်းသည့် ကျောက်တော်မြို့ကို သန့်ရှင်းလှပသော

မြို့နယ်တစ်မြို့အဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လုံခြုံရေးကိုအကြောင်းပြု၍ နိုင်ငံခြားဧည့်သည်များလာရောက်ခြင်းကိုတားမြစ်ထားရာ ယခုအခါ နယ်မြေအေးချမ်းသာယာပြီဖြစ်သဖြင့် နိုင်ငံခြားဧည့်သည်များအား သမိုင်းဝင်ဓညဝတီမြို့ရိုး၊ မဟာမြတ်မုနိဘုရားသို့လာရောက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျောက်တော်မြို့ကမ်းနားလမ်းရှိ ချမ်းမြေ့နဒီပန်းခြံအား အုတ်တံတိုင်းများကာရံခြင်း၊ ကျောက်စီမြေထိန်းနံရံများပြုလုပ်ပေးခြင်း၊ ပန်းခြံအတွင်းရှိအုတ်၊ သဲ၊ ကျောက်ရောင်းဝယ်လုပ်ကိုင်သူများကို ဖယ်ရှားခြင်း၊ ကမ်းနားလမ်းတွင် စျေးဆိုင်များအား အငှားချထားခြင်း၊ အခွန်အခကောက်ခံခြင်းများ လုံးဝပြုလုပ်ခြင်းမရှိပါကြောင်းနှင့် ကျူးကျော်စျေးဆိုင်များအဖြစ်သတ်မှတ်ပြီး ဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိပါသည်။ ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး၊ သွားရေးလာရေးအဆင်ပြေစေရေးအတွက် နှစ်လမ်းသွားကွန်ကရစ်ခင်းခြင်း ၆၀၀ ပေ၊ ၁၆ ပေ ၈ လက်မ နှစ်ကြောင်းနှင့် လမ်းလယ်ကျွန်းတည်ဆောက်ခြင်း ၃၀ ပေ၊ ၂ ပေ၊ ၁ ပေ ၆ လက်မ ၁၅ ခု ခန့်မှန်းကုန်ကျငွေ ၅၉.၈၅ သန်း၊ မြစ်ကမ်းပါးကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း ၄၆၀ပေ၊ ၂ ပေ၊ ၅ ပေ ၉ လက်မ ခန့်မှန်းကုန်ကျငွေကျပ် ၁၆.၃၆ သန်း၊ စုစုပေါင်း ၇၆.၂၁ သန်း အကုန်ကျခံဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံခြားဧည့်သည်များ လာရောက်လည်ပတ်ခြင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနရုံး၏ ၁၅.၁.၂၀၁၃ ရက်စွဲပါအမိန့်ကြေငြာစာအမှတ် (၇၇/၂၀၁၃) အရ ကျောက်တော်မြို့နယ်သည် မြို့ပြင်၊ မြို့ပေါ်သွားရောက်လည်ပတ်ခွင့်ရရှိပြီး မြို့နယ်ဖြစ်ပါသည်။ နိုင်ငံခြားသားခရီးသည်များအား သမိုင်းဝင်ဓညဝတီမြို့ရိုး၊ မဟာမြတ်မုနိဘုရားသို့လာရောက်ခြင်းကိုလည်း တားမြစ်ထားခြင်းမရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါသည်။ (ဩဘာသံများ)

**ပြန့်သေကျေးရွာ၊ ဖလံကျေးရွာ၊ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘောကျေးရွာတို့တွင် သောက်သုံးရေကန်များ တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်း ရေကြည်မြို့နယ်အတွင်းရှိ နွေရာသီကာလ ရေရှားပါးတဲ့ဒေသများမှာ မိုးရေကို သိုလှောင်ထားရှိနိုင်ရေးအတွက် သောက်သုံးရေကန်များတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ရခိုင်ရိုးမတောင်ခြေတွင် အမှီပြုနေထိုင်လျက်ရှိကြသော ပြန့်သေကျေးရွာ၊ ဖလံကျေးရွာ၊ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘော့ကျေးရွာတို့ဟာ မြို့နှင့်အလွန်အလှမ်းကွာဝေးပြီး နွေရာသီကာလတွင် ရေရှားပါးတဲ့အခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့လျက်ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း ဧပြီလ၊ မေလ ရေရှားပါးတဲ့ကာလများတွင် အမှတ် (၃၄၄) အမြောက်တပ်နှင့် အကူအညီဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့အစည်းများရဲ့ ဝိုင်းဝန်းကူညီပံ့ပိုးမှုဖြင့်လည်းကောင်း ငါးမိုင်ခန့်ကွာဝေးသော ဝဝန်မြစ်ရေကို ဂွန်ဒေါင်းများ၊ မော်တော်ယာဉ်များနှင့် နှစ်စဉ်သယ်ယူဖြန့်ဝေပေးခဲ့ရတဲ့အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ရပါတယ်။ သို့ပါ၍ ရေကြည်မြို့နယ်အတွင်းရှိ နွေရာသီကာလ ရေရှားပါးတဲ့ဒေသများဖြစ်သော ပြန့်သေကျေးရွာ၊ ဖလံကျေးရွာ၊ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘော့ကျေးရွာတို့တွင် မိုးရေကို သိုလှောင်ထားရှိနိုင်ရေးအတွက် သောက်သုံးရေကန်များတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့နယ်ခွဲတွင် ရပ်ကွက်ပေါင်း ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၁၉၁ ရွာရှိပါတယ်။ ရခိုင်ရိုးမတောင်တန်းနှင့်ဆက်သွယ်နေသော ကျေးရွာများဖြစ်သည့် ပြန့်သေကျေးရွာ၊ ဖလံကျေးရွာ၊ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘော့ကျေးရွာတို့သည် မြို့နှင့်အလွန်အလှမ်းဝေးကွာပြီး နွေရာသီကာလတွင် ရေရှားပါးသည့်အခက်အခဲများနှင့်ကြုံတွေ့လျက်ရှိပါသဖြင့် ၂၀၁၃ ခုနှစ် နွေရာသီတွင် ငသိုင်းချောင်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြန့်သေ

ကျေးရွာနှင့် ဖလံကျေးရွာတို့တွင် တစ်လက်မခွဲ တုံကင်တွင်းတူးဖော်ခြင်းဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာ ၂ ရွာလုံး၌ ပျမ်းမျှအနက်ပေ ၇၀ ခန့်အရောက်တွင် ကျောက်လွှာများခံနေပြီး ဆက်လက်တူးဖော်နိုင်ခြင်းမရှိခဲ့ကြောင်းနှင့် ပြန့်သေကျေးရွာတွင် နေရာ ၂ ခုနှင့် ဖလံကျေးရွာတွင် နေရာ ၃ ခု ပြောင်းရွှေ့ဆောင်ရွက်ခဲ့သော်လည်း အထက်ဖော်ပြပါအတိုင်း ကြုံတွေ့နေရပါသည်။ သို့ပါ၍ မိုးရေသိုလှောင်ကန်တူးဖော်ပေးခြင်းကိုသာ ဆောင်ရွက်ပေးသွားသင့်ပြီး ပေ ၁၀၀ ပတ်လည်အနက် ၆ ပေ မြေသားမိုးရေလှောင်ကန်တစ်ကန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် ၂၂.၅၀ သိန်းဖြစ်ပါတယ်။ ငသိုင်းချောင်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဝင်ငွေနည်းပါးသော အဖွဲ့ဖြစ်သဖြင့် ကျေးရွာ ၄ ရွာလုံးကို တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်ပေးရန် ရန်ပုံငွေလုံလောက်မှုမရှိပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြန့်သေကျေးရွာနှင့် ဖလံကျေးရွာတို့တွင် မြေသားမိုးရေလှောင်ကန်တစ်ကန်စီ တူးဖော်ပေးနိုင်ရေးအတွက် ခန့်မှန်းလိုအပ်ငွေ ကျပ် ၄၅ သိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မူလလျာထား ကျေးလက်လမ်းဖြစ်သော လက်ပံပင်ရွာနှင့် ကုန်းပြင်ရွာဆက်သွယ်သောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းမှ ရန်ပုံငွေခွဲဝေကျခံနိုင်ရေး လုပ်ငန်းပြောင်းဆောင်ရွက်ခွင့်အား တိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုပေးထားပါသည်။ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘော့ကျေးရွာတို့တွင် မြေသားမိုးရေလှောင်ကန် တစ်ကန်စီ တူးဖော်ပေးရန်အတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျွန်းစုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်မှာ လက်ရှိဓာတ်အားပေးစက်ရုံ အဆောက်အဦတွင် တာဝန်ထမ်းဆောင်နေသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကို လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်

အဆောက်အဦအပါအဝင် ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ထားရှိပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းမှာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ လက်ရှိဓာတ်အားပေးစက်ရုံ အဆောက်အဦကို ၃၁-၁-၉၇ တွင်လည်းကောင်း၊ ကန့်ဘလူကျေးရွာ အသေးစားရေအားလျှပ်စစ်စက်ရုံကို ၁၉၈၉ ခုနှစ်တွင်လည်းကောင်း စတင်တည်ထောင်ပြီး ၁၀-၇-၉၀ ခုနှစ်တွင် စက်ရုံအောက် 50KV Cross Slow တာဘိုင် ၃ လုံးဖြင့် ၂၄ နာရီ ရေအားကို ဖြန့်ဖြူးပေးခဲ့ပြီး ၂၆-၇-၂၀၁၀ ခုနှစ်မှစ၍ 50KV Cross Slow တာဘိုင်တစ်လုံးနှင့် 75KV  Cross Slow တာဘိုင် ၂ လုံးဖြင့် ကျွန်းစုမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှာ မြို့နယ် မီးလင်းရေးကော်မတီဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး တနင်္သာရီရေတပ်စခန်းဌာနချုပ်မြို့ပေါ် ၄ ရပ်ကွက်နှင့် ကန့်ဘလူကျေးရွာ၊ ထိန်းချောင်းကျေးရွာတို့ကို မိုးရာသီ ဇွန်လမှ ဒီဇင်ဘာလအထိ လည်းကောင်း၊ ၂၄ နာရီ နွေရာသီ ဇန်နဝါရီလမှ မေလအထိကို တစ်နေ့ ၅ နာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးခဲ့ရာ လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စုပေါင်းမှာ ၇၈၆ အိမ်ထောင်စုဖြစ်ပါတယ်။ အဆိုပါလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို မြို့နယ်အင်ဂျင်နီယာရုံးမှာ ၁၀-၇-၉၁ ခုနှစ်မှစ၍ စက်ရုံကို စက်လည်ပြီး လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးခဲ့သော်လည်း နေ့တိုင်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းဟူ၍ သတ်သတ်မှတ်မှတ်မရှိဘဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းမှာပင် ဖြစ်သလိုနဲ့ ရုံးလုပ်ငန်းကို ဆောင်ရွက်နေသည်ကို သိရှိရပါတယ်။ အလားတူပင်ဝန်ထမ်း ၉ ဦးမှာလည်း နေထိုင်စရာအိမ်ရာများကို ဆောက်လုပ်ပေးထားခြင်းမရှိပါ၍ ၎င်းမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ (၁) မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်း တစ်ခန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အိမ်ရာတစ်လုံး၊ ဝန်ထမ်းနှစ်ခန်းတွဲအိမ်ရာ ၃ ခု၊ မြို့နယ်ရုံးအင်ဂျင်နီယာဝန်ထမ်း နှစ်ခန်းတွဲ အိမ်ရာ ၃ လုံးနှင့် ကန့်ဘလူကျေးရွာရေအားလျှပ်စစ်အလုပ်ရုံခန်းတွင် ရုံးခန်းတစ်ခန်းကို အမှန်တကယ်လိုအပ်နေကြောင်းကို ကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။ သို့ပါ၍အထက်ဖော်ပြပါ အဆောက်အဦရုံးခန်းတွင် အိမ်ရာများကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်အကယ်၍ ဆောက်လုပ်ပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းကို သိရှိလိုပါကြောင်း ဝန်ထမ်းများကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ မေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့မှာ မြို့နယ်လျှပ်စစ်မှူးရုံးအဆောက်အဦကို ဒီဇယ်ဓာတ်အားပေးစက်ရုံ အဆောက်အဦနှင့် ပူးတွဲပြီးတော့ ၁၉၉၁ ခုနှစ်မှာစပြီးတော့ ဖွင့်လှစ်ထားရှိပါတယ်။ လက်ရှိအခြေအနေမှာ အသုံးပြုနိုင်သော အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ ၁ လုံးရှိပြီးတော့ ဝန်ထမ်း ၉ ဦးအနက် ၇ ဦးမှာ ဒေသခံများဖြစ်၍ ဝန်ထမ်းအိမ်ရာ မဆောက်လုပ်ရသေးခြင်း ဖြစ်ပါတယ်။ ၃၆ ပေ × ၂၄ ပေအရွယ် တစ်ထပ်သံကူကွန်ကရစ်မြို့နယ်လျှပ်စစ်မှူးရုံး အဆောက်အဦတစ်ခုနှင့် ၂၄ ပေ × ၁၈ ပေအရွယ် တစ်ထပ်သံကူကွန်ကရစ်ဓာတ်အားပေးစက်ရုံ အဆောက်အဦ ၁ လုံးကို တည်ဆောက်ဖို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် လျာထားသွားပါမယ်။ ကျွန်းစုအသေးစား ရေအား လျှပ်စစ်စက်ရုံကို တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးရန်အတွက် လွှဲပြောင်းမှတ်တမ်းမူကြမ်းကို ၃-၅-၂၀၁၃ ရက်နေ့မှာ တိုင်းဒေသကြီးအစိုးရသို့ ပေးပို့ခဲ့ပြီး တိုင်းဒေသကြီးအစိုးရမှလည်း လွှဲပြောင်း လက်ခံရေးကိစ္စကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ တိုင်းဒေသကြီး အစိုးရ အစီအစဉ်ဖြင့်လည်း အဆောက်အဦများ လိုအပ်ချက်ပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကလေးမြို့တွင် ကျောက်မီးသွေးသုံးစက်ဖြင့် လျှပ်စစ်ဓာတ်အားပေးရုံတည်ဆောက်မည့်ဒေသ၊ နေ့ရက်နှင့်အမျိုးအစားတူ စက်မျိုးဟုတ်/ မဟုတ်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျောက်မီးသွေးသုံး စက်ရုံ နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဒေသခံတွေရဲ့ စိုးရိမ်သောကဖြစ်နေကြတာတွေအကြောင်းကို အခြေခံပြီး မေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးဝမြို့နယ်မှာ မဟာဓာတ်အားလိုင်း ဓာတ်အားဖြစ်ရန်နှင့် ဘီလပ်မြေစက်ရုံအတွက် ဓာတ်အားထုတ်လုပ်ရန်ဆိုပြီးတော့ နိုင်ငံခြားတစ်နိုင်ငံ နှင့် မြန်မာနိုင်ငံပိုင်ထွန်းသွင်ကုမ္ပဏီတို့ ကျောက်မီးသွေးမှထုတ်သော လျှပ်စစ်ဓာတ်အားစက်ရုံ ဆောက်မယ်လို့သိရှိနေပါတယ်။ အဲဒီလိုဆောက်တဲ့နေရာမှာလည်း မေးခွန်းပါအတိုင်းတင်ပြရမယ် ဆိုရင် သမ္မတကြီးဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ လေ့လာခဲ့တဲ့ ဂျပန်ပြည်မှထုတ်လုပ်တဲ့ စက်အမျိုးအစားတွေလို ပတ်ဝန်းကျင်ထိ ခိုက်မှုနည်းပါးတဲ့ဆည်မျိုး ဒေသခံတို့အနေနဲ့ကတော့ လိုလားနေတာဖြစ်ပါတယ်။ ဒီအကြောင်းကို ကျွန်တော်တို့ဘာလို့တင်ပြရသလဲဆိုရင် ကလေးဝမြို့ဟာ ကျောက်မီးသွေးတွင်းရှိပါတယ်။ လမ်းစဉ် ပါတီခေတ်က ကျောက်အုံဆိုတဲ့ မြစ်သာမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားစက်ရုံကနေပြီး တော့ ကလေးမြို့အထိ ဓာတ်အားတွေထုတ်လုပ်ခဲ့ပါတယ်။ ဒီကျောက်မီးသွေးနဲ့ အဲ့ဒီလျှပ်စစ်ထုတ်လုပ် မှုကြောင့် ကျွန်တော် တို့ရဲ့ မသိနားမလည်ခဲ့တဲ့ဆိုးကျိုးလေးတွေဟာ ကျွန်တော်တို့ မသိခဲ့ကြဘူး။ ဘာလို့မသိလဲဆိုတော့ ဒီနေ့ကျွန်တော်တို့လေ့လာကြည့်မှ စက်ရုံရဲ့ပတ်ဝန်းကျင်မှာ အမှုံအမွှားတွေကျ ပြီးတော့ ကတ္တရာလမ်း ခင်းထားသလိုဖြစ်နေတယ်။ သစ်ပင်တွေစိုက်လို့ မရတာတွေလည်း ကြုံခဲ့ပါ တယ်။ သွပ်မိုးတွေကလည်း ပေါက်တယ်ဆိုတာတွေလည်း ကြုံခဲ့ပါတယ်။ ဒီနေ့ ပညာရှင်များနဲ့ မီဒီယာ များရဲ့ စေတနာကြောင့် ဖော်ပြရေးသားတဲ့ အနေအထားမှာ ဒီထုတ်လုပ်မှုနှင့် ပတ်သက်ပြီး ကျောက်မီး သွေးရဲ့အန္တရာယ်ဖြစ် ပေါ်လာမယ့် ၉ ချက်၊ ကျန်းမာရေးနှင့်ထိခိုက်မယ့်ဟာ ၁၀ ချက် ဆိုတာတွေ လည်း ဒါမီဒီယာက တစ်ဆင့် ဂျာနယ်တွေကနေသိနေကြပါတယ်။ အဲ့တော့ သိနေတဲ့အတွက် ကျွန်တော် တို့ နောက်တစ်ချက်က ကျွန်တော်တို့ တွေ့ကြုံမှုတစ်ခုလေးကိုလည်း ဆက်လက်တင်ပြလိုပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၀၀၄-၂၀၀၅ က ဆားလင်းကြီးမြို့နယ်မှာ ကျွန်တော့်ရဲ့ မကင်းရာမကင်းကြောင်းအတွက် တာဝန်ကျခဲ့တဲ့ ချည်မျှင်နှင့်အထည်စက်ရုံ အဲ့ဒီစက်ရုံကို ရောက်သွား ကြတဲ့ ဝန်ထမ်းတွေနဲ့အတူ ကျွန်တော်လည်း ရောက်သွားပါတယ်။ ရောက်သွားတဲ့အချိန်မှာ အဲဒီ့စက်ရုံ

ကိုလွှဲရမယ့် အချိန်ကာလကျော်ခဲ့သော်လည်း မလွှဲနိုင်သေးပါဘူး။ ကုမ္ပဏီ က။ ဘာလို့မလွှဲနိုင်လဲ၊ တစ်နေရာကပျက်၊ တစ်နေရာကကောင်း၊ တစ်ခါတစ်နေရာကပျက် အဲ့လိုစက်မျိုးလည်း မြန်မာပြည်ကိုပြန်ရောက်လာမှာ စိုးရိမ်ပါတယ်။ ဒီသောကနဲ့ စေတနာနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ အခုထုတ်လုပ်မယ့် တည်ဆောက်မယ့် ကျောက်မီးသွေးစက်ရုံဟာ ကလေးဝမြို့နယ်မှာ ဘယ်နေရာမှာပါလဲ။ ဘယ်တော့ဆောက်မှာလဲ။ ဒီလိုမေးရခြင်းကလည်း ဒါပြီးခဲ့တဲ့လွှတ်တော်မှာလည်း ကျွန်တော်တို့မေးခဲ့ ပြီးပါပြီ။ တင်ပြခဲ့ပြီးပါပြီ။ ဘာလဲဆိုတော့ တံတားအားဖြင့် မြေဖယ်ပေးရတဲ့ လူတွေတောင်မှ မြေနေရာမရဘဲ အခုတစ်ခါထပ်ပြီးတော့ မြေဖယ်ပေးရဦးမလားဆိုတဲ့ သံသယစိတ်ကလေးတွေဝင်နေလို့ ဆက်ပြီးတော့ မေးရခြင်းဖြစ်ပါတယ်။ ဘယ်နေရာမှာလဲ ကြိုတင်စီစဉ်နိုင်အောင် ကျွန်တော်တို့အနေနဲ့ ကူညီပံ့ပိုး နိုင်အောင်၊ ဖြေရှင်းနိုင်အောင်ဆိုပြီး သိလို၍ မေးရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့ မေးခွန်းက ကလေးဝမြို့နယ်မှာ တည်ဆောက်မယ့် ကျောက်မီးသွေးစက်ရုံမှာ နိုင်ငံ့ခေါင်းဆောင်ကြီးများ လေ့လာသုံးသပ်ခဲ့တဲ့၊ ကြည့်ရှုခဲ့တဲ့ စက်မျိုး တည်ဆောက်မှာပါလား။ ကျွန်တော်တို့ ကလေးဝ မြို့နယ် ဘယ်နေရာမှာဆောက်မှာလဲ။ ဘယ်ခုနှစ်မှာ ဆောက်မှာလဲဆိုတာ သိလိုတဲ့အတွက် ပြည်သူများကိုယ်စားကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု JV/B.O.T စနစ်အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ယခင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Guodian Corporation နှင့် ထွန်းသွင်သတ္တုလုပ်ငန်း ကုမ္ပဏီလီမိတက်တို့ ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၏မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ချင်းတွင်းမြစ်ကမ်းမှ ၁.၅ ကီလိုမီတာအကွာတွင် ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို

တည်ဆောက်မှာဖြစ်ပြီး စက်တပ်ဆင်အင်အားမှာ ပထမအဆင့် ၂၇၀ မဂ္ဂါဝပ်နှင့် ဒုတိယအဆင့် ၂၇၀ မဂ္ဂါဝပ် နှစ်ဆင့်ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Guodian Corporation နှင့်ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီဖြစ်သည့် ထွန်းသွင်သတ္တုလုပ်ငန်း ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ကလေးဝကျောက်မီးသွေး သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကိုပြုစုပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့တင်ပြခဲ့ရာ ဝန်ကြီးဌာနမှ အသေးစိတ်စိစစ်ခဲ့ပြီး စီမံကိန်းအား Clean Coal Technology ကိုအသုံးပြု၍ အကောင်အထည် ဖော်ဆောင်ရွက်သွားရန် အတည်ပြုပေးခဲ့ပြီးဖြစ် ပါတယ်။ ယခုအခါမှာ စီမံကိန်းအကောင်အထည်ဖော် မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ China Guodian Corporation သည် စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင် စွမ်းမရှိကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စွန့်လွှတ်ပါကြောင်း တရားဝင် တင်ပြလာခဲ့သဖြင့် စီမံကိန်းအား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ထွန်းသွင်သတ္တု လုပ်ငန်းကုမ္ပဏီလီမိတက်သည် ဝန်ကြီးဌာနမှ အတည်ပြုခဲ့သည့် စီမံကိန်းဆိုင်ရာ ဖြစ်မြောက် နိုင်စွမ်းအစီရင်ခံစာကို ပြောင်းလဲခြင်းမပြုဘဲ ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စင်္ကာပူနိုင်ငံ အခြေစိုက် ISDN Holding Limited ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် စီမံတင်ပြလာပါတယ်။

စီမံကိန်းစတင်တည်ဆောက်မည့်နေ့ရက်နှင့် ပတ်သက်၍ ကလေးဝကျောက်မီးသွေးသုံးဓာတ် အားပေးစက်ရုံစီမံကိန်း MOU သည် စီမံကိန်းကို ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ စူးစမ်းလေ့လာရန်အတွက် သာ ခွင့်ပြုခြင်းဖြစ်ပါတယ်။ စီမံကိန်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် စီမံကိန်း ဆိုင်ရာ ကုမ္ပဏီများမှ တင်ပြလာသည့် စီးပွားရေးဆိုင်ရာတွက်ခြေကိုက်မှု စိစစ်ချက် ကို အသေးစိတ် စိစစ်ပြီးနောက် သဘောတူညီမှုစာချွန်လွှာ (MOA)၊ ဖက်စပ်သဘောတူညီချက် စာချုပ် (JVA) ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်ပြီးမှသာလျှင် စီမံကိန်းစတင်တည်ဆောက်မည့် နေ့ရက်ကို အတိအကျ သတ်မှတ်နိုင်မည်ဖြစ်ပါတယ်။ ယခုအခါ စီမံကိန်းအကောင်အထည်ဖော်မည့် ကုမ္ပဏီများ နှင့် MOA ကိစ္စရပ် များအား ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ကျောက်မီးသွေးသုံးစက် အမျိုးအစားအရည်အချင်းတူ စက်မျိုး ဟုတ်/မဟုတ်နှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို မထိခိုက်စေရေးအတွက် Clean Coal Technology ကိုအသုံးပြု၍ ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသည့် စွန့်ပစ် ပစ္စည်း

သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြင့်မားသော စက် အမျိုးအစားများကိုသာ အသုံးပြုတည်ဆောက်သွားစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ပုဂံညောင်ဦးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင် ၅ ခု၏ မီတာထိန်းသိမ်းစောင့်ရှောက်ခနှင့် မီတာခများကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုရပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ-ညောင်ဦးမြို့နယ်မှာ လျှပ်စစ်မြစ်ရေတင် ၅ ခု ရှိပါတယ်။ ယခင်တုန်းကတော့ နိုင်ငံတော်အကြီးအကဲများအနေနဲ့ ကျေးလက်နေအခြေခံလူတန်းစားများ ဘဝ မြှင့်တင်ရေးနဲ့ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးအတွက်လည်းကောင်း၊ ဒေသဆန်ဖူလုံရေးအတွက်လည်းကောင်း၊ ဆီထွက်သီးနှံများ စိုက်နေတဲ့ သဲဆန်သောမြေပေါ်မှာ မြေပြုပြင်ပြီးတော့ ပေါင်များခတ်ပြီးတော့ စပါးများ စိုက်ပျိုးခဲ့ပါတယ်။ အဲ့ဒီနောက်မှာ မီတာခများက တိုးလာသဖြင့်လည်းကောင်း၊ မီတာ ထိန်းသိမ်းစောင့်ရှောက်ခ တစ်နှစ် သိန်း ၁၅၀၀ ကျနေသဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံမှ ကောက်ခံရငွေနဲ့ အရှုံးပေါ်နေ၍လည်းကောင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ရပ်ရတော့မလိုဖြစ်နေပါတယ်။ တောင်သူလယ်သမားများကလည်း မူလကသဲဆန်သောမြေကို စပါးစိုက်ရအောင်ဆိုပြီးတော့ မြေပြု ပြင်ခြင်း၊ ဘေးပေါင်များပြုလုပ်ရခြင်းဖြင့် အကုန်အကျများစွာခံပြီး စပါးစိုက်လာခဲ့ကြရာ ယခုတွက် ခြေကိုက်သောအခါမှ ရပ်တန့်ပြီး အခြားသီးနှံများကို စိုက်ရမလိုဖြစ်နေပါတယ်။ စပါးကတွက်ခြေ ကိုက်နေ၍ စပါးကိုပင်စိုက်နေကြပါတယ်။ ဒါကြောင့် တွက်ခြေကိုက်သော စပါးကိုပင်စိုက်ချင်ကြသောကြောင့် ကြာရှည်စိုက်ပျိုးနိုင်စေရန်အတွက်လည်းကောင်း၊ ဌာနမှလည်း အရှုံးမပေါ်စေရန် အတွက်လည်းကောင်း၊ တောင်သူလယ်သမားများအား ထောက်ထားညှာတာသောအားဖြင့် မီတာ ထိန်းသိမ်းစောင့်ရှောက်ခနှင့် မီတာခများကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချ ပေးနိုင်/မပေးနိုင်

ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများအတွက် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မန္တလေး တိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၏ မေးခွန်း အား ကျွန်တော်မှဆက်လက်ရှင်းလင်း ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာနအနေဖြင့် ဓာတ်အားခများကို တစ်ယူနစ်လျှင် အိမ်သုံး ၃၅ ကျပ်နှုန်းနှင့် စက်မှုလက်မှု လုပ်ငန်းသုံး ၇၅ ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါတယ်။ လျှပ်စစ်မြစ်ရေတင်ဓာတ်အားခများကို တစ်ယူနစ်လျှင် ၃၅ ကျပ်ဖြင့်သာ ကောက်ခံလျက်ရှိပါတယ်။ မီတာထိန်းသိမ်းစောင့်ရှောက်ခအနေနဲ့ အိမ်သုံးမီတာမှာ ၁၀၀၀ ကျပ်နှုန်းနှင့် စက်မှုလက်မှုလုပ်ငန်းသုံးအတွက် ၅၀၀၀ ကျပ်နှုန်းဖြင့်သာ ကောက်ခံလျက် ရှိပါတယ်။ မီတာထိန်းသိမ်းစောင့်ရှောက်ခကို ၁၉၄၈ ခုနှစ်၊ လျှပ်စစ်ဓာတ်အားပေးရေး အက်ဥပဒေ အရ ၁၉၅၁ ခုနှစ် ကတည်းက စည်းကြပ်ပြီးကောက်ခံခဲ့ပါတယ်။ ဒါ့အပြင် ထရန်စဖော်မာတပ်ဆင် အသုံးပြုတဲ့လုပ်ငန်းများကိုလည်း မီတာထိန်းသိမ်းစောင့်ရှောက်ခအပြင် တပ်ဆင်ထားသည့် ထရန် စဖော်မာ၏ဝန်အားအလိုက် မြင်းကောင်ရေကြေးကို လစဉ်တွက်ချက်တောင်းခံလျက်ရှိပါတယ်။

ပုဂံ-ညောင်ဦးမြို့နယ်မှာ လျှပ်စစ်မြစ်ရေတင် ၅ ခုရှိပြီး ထရန်စဖော်မာ ၄ လုံး၊ စုစုပေါင်း တပ်ဆင် အင်အား ၅၂.၅ အမ်ဗွီအေရှိရာ လစဉ်မြင်းကောင်ရေကြေးစုစုပေါင်း ၁၁၂၆၀၂၀၀ ကျပ်နှင့် မီတာထိန်းသိမ်းစောင့်ရှောက်ခ ၃၅၀၀၀ ကျပ်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လစဉ်စုစုပေါင်း ကျသင့် ငွေမှာ ၁၁၂၉၅၂၀၀ ကျပ် ဖြစ်ပြီး တစ်နှစ်လျှင် ၁၃၅၅၄၂၄၀၀ ကျပ်ကောက်ခံလျက်ရှိပါတယ်။ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားတစ်ယူနစ်ထုတ်လုပ်မှု ပျမ်းမျှကုန်ကျစရိတ်မှာ ၇၈ ကျပ်ခန့် ရှိပြီး တစ်ယူနစ်ပျမ်းမျှရောင်းဈေးမှာ ၅၆ ကျပ်သာဖြစ်၍ တစ်ယူနစ်လျှင် ၂၂ ကျပ်အရှုံးခံကာ ဓာတ်အားသုံးစွဲသူများသို့ ရောင်းချပေးနေပါတယ်။ မီတာထိန်းသိမ်းစောင့်ရှောက်ခ၊ မြင်းကောင်ရေ ကြေးနှင့် မီတာခများကို တစ်နိုင်ငံလုံး တစ်ပြေးညီ ကောက်ခံလျက်ရှိပြီး လက်ရှိတွင် အရှုံးပေါ်နေပါ၍

၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မိုင်းပြင်းမြို့နယ်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ မဟာဓာတ်အားလိုင်းတစ်ခု ပို့လွှတ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစိုင်းထွန်းစိန် မိုင်းပြင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော သုခနှင့်ပြည့်စုံပြီး မင်္ဂလာပါဟု ပမာဏဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အမနေနဲ့ ပြည်သူ့ရဲ့အသံကို နာခံပြီး ပြည်သူတို့ရဲ့ လိုလားတောင့်တဆန္ဒပြုချက်အရ မေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပြင်းမြို့သည် တိုင်းရင်းသား လူမျိုးပေါင်းစုံစုပေါင်း နေထိုင်လျက်ရှိပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းရဲ့ ဝင်ပေါက်မြို့နယ်တစ်ခု ဖြစ်ပါတယ်။ တောတောင်လျှိုမြောင်ပေါများပြီး သဘာဝချောင်းရေ၊ မြောင်းရေများလည်း ပေါများလှတဲ့အတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်၍ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ပေးနိုင်တဲ့နေရာကောင်းတစ်ခုလည်းဖြစ်ပါတယ်။ ၎င်းအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိုင်းပြင်းမြို့နယ်နှင့် အခြားမြို့နယ်များအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးပေးရန် ဆန္ဒပြင်းပြလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျိုင်းတောင်းအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများသို့ မဟာဓာတ်အားလိုင်းကိုပို့လွှတ်၍ ဓာတ်အားရရှိစေမည်ဖြစ်ကြောင်း သတင်းကောင်းကြားသိရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပြင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိနိုင်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါမေးခွန်းတစ်ခုကို တင်ပြမေးမြန်းလိုပါတယ်။ မေးခွန်း(၁) မိုင်းပြင်းမြို့နယ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသများသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများရဲ့ အစီအစဉ်ဖြင့် မဟာဓာတ်အားလိုင်းတစ်ခု ပို့လွှတ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမယ်။ (၂) အစီအစဉ် မရှိလျှင် ပုဂ္ဂလိက လုပ်ငန်းရှင်များ စီစဉ်ဆောင်ရွက်ပေးနိုင်တဲ့ မြို့နယ်အတွင်း လုံလောက်တဲ့ ဓာတ်အားပေးလုပ်ငန်းကို

အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဆိုပါက လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၏ မေးခွန်းအား ကျွန်တော်မှ ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန်အတွက် ၂၃၀ ကေဗွီ နမ့်စံ-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်း ၁၃၈ မိုင်၊ နမ့်စံမှာ ၂၃၀/၁၃၂ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ကျိုင်းတုံတွင် ၂၃၀/၆၆ ကေဗွီ၊ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ကျိုင်းတုံ၂၃၀/၆၆၊ ၁၀၀ကေဗွီဓာတ်အားခွဲရုံ မိုင်းပျဉ်း ၂၃၀/၆၆ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အား ခွဲရုံးနှင့် ကျိုင်းတုံ ၆၆/၃၃ ကေဗွီ၊ ၂ x ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်တည်ဆောက်ရန် လျာထားသွားမှာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်း ပြီးစီးပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများ၊ မိုင်းပျဉ်းမြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပေးနိုင်မှာ ဖြစ်ပါကြောင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း မြို့နယ်အတွင်း လုံလောက်တဲ့ ဓာတ်အားထုတ်လုပ်/ဖြန့်ဖြူးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက နည်းပညာလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဝိုင်းမော်မြို့နယ်နှင့် ချီဖွေ(၂)မြို့နယ် ဆက်သွယ်သွားလာနေသော ကားလမ်းမပေါ်ရှိ ကျေးရွာအုပ်စု ၂၉ ခုတွင် တယ်လီဖုန်းလိုင်းရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယိန်းဘောမ်(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများနဲ့ အထူးလေ့လာသူဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်း

ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဒီဝိုင်းမော်နဲ့ ချီဖွေဆက်သွယ်ရေးလမ်းမပေါ်မှာရှိကြတဲ့ ကျေးရွာအုပ်စု ၁၃ အုပ်စု အိမ်ခြေပေါင်း ၃၂၀၄ အိမ် နောက် ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်ဖြစ်တဲ့ ဆံတုန်းကမ်ပိုင်တီ မြို့နယ်ခွဲတို့မှာရှိကြတဲ့ ကျေးရွာအုပ်စု အားလုံး ၁၆ အုပ်စု အိမ်ခြေပေါင်း ၂၃၀၂ အိမ် စသည်ဖြင့် ရှိတဲ့ကျေးရွာအုပ်စုတွေမှာ အဲဒီကျေးရွာအုပ်စုများအပြင် ကျွန်တော်တို့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအကြီးအကဲ ဌာနဆိုင်ရာများလည်း ရှိပါတယ်။ အလားတူပဲ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များလည်း မြောက်များစွာရှိတဲ့ မြို့နယ် ဖြစ်ပါတယ်။ ဒါပေမယ့် အခု ကျွန်တော်တင်ပြသွားတဲ့ ချီဖွေ-ဝိုင်းမော်ဆက်သွယ်တဲ့ လမ်းကြောင်း ပေါ်မှာရှိကြတဲ့ ကျေးရွာများနဲ့ ဆတုန်း-ကမ်ပိုက်တီးဆက်သွယ်တဲ့ လမ်းကြောင်းပေါ်မှာရှိကြတဲ့ ကျေးရွာအုပ်စုများအားလုံး စုစုပေါင်း ၂၉ မြို့၊ နောက်တစ်ခါ အိမ်ခြေပေါင်း ၅၅၀၆ အိမ် အဲဒီနေရာမှာ ကျွန်တော်တို့ ဒီဆက်သွယ်ရေးတယ်လီဖုန်းလိုင်း အခက်အခဲတွေ မြောက်များစွာရှိပါတယ်။ ဒါကြောင့် ဒီကျေးရွာအုပ်စု ၂၉ အုပ်စု အိမ်ခြေပေါင်း ၅၅၀၆ အိမ်ထောင်သာရှိကြတဲ့ ပြည်သူလူထုများနဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များလုပ်ငန်းဆက်သွယ်ရာမှာ လွယ်ကူချောမွေ့နိုင်ဖို့အတွက် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါတယ်။ အကယ်၍ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့ဟာတွေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် ရိုသေလေးစားစွာနဲ့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျေးလက်ဒေသ GSM နှင့် UMIT တိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ယွန်းမွန်း(မက်မန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး နေကောင်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း ဝ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဆက်သွယ်ရေးကဏ္ဍနဲ့ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစား

အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း ဝ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း လုပ်သားပြည်သူများ ဆက်သွယ်ရေးလုပ်ငန်း အဆင်ပြေစေရန်အတွက် ၂၀၁၂ ခုနှစ်၊ ၂ လပိုင်း ၁၅ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးမှ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး GSM နှင့် UMIT တိုးချဲ့တပ်ဆင်ရေးစီမံကိန်းတွင် ထည့်သွင်းလျာထားမှာဖြစ်ကြောင်း ဖြေကြားသွားမှာ ဖြစ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ယခုနှစ်အချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိခဲ့သည်ကို တွေ့ရှိရပါသဖြင့် ၎င်းကျေးရွာဒေသရှိမက်မန်းမြို့နယ် GSM နှင့် UMIT တိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်အခါ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်ရှိ မြို့များတွင် တာဝါတိုင်အသေးစားနှင့် အလတ်စားများကို သင့်တော်ရာ တောင်ပေါ်၊ တောင်ကုန်းများတွင် ထပ်မံစိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန် ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်အများစုမှာ မိုဘိုင်းဖုန်းများ ဝယ်ယူသုံးစွဲကြသော်လည်း တာဝါတိုင်နည်းပါးနေတဲ့ အတွက်ကြောင့် ဆက်သွယ်ပြောဆိုရာမှာ ခေါ်၍မရဖြစ်နေကြောင်း သိရှိရပါတယ်။ မာန်အောင်မြို့နယ် လူထုဟာ သီးခြားကျွန်းကလေးပေါ်မှာ နေထိုင်ကြပြီး တယ်လီဖုန်း ဆက်သွယ်မှုကိုသာ အားကိုး အားထားပြုနေကြရပါတယ်။ သို့ရာတွင် မြို့ပေါ်၌ အခု ပြုလုပ်ထားပေးထားသော တာဝါတိုင်မှာ နဂိုကပင် စက်တစ်ခုချန်၍ တပ်ဆင်သွားတဲ့ အတွက်ကြောင့် နှစ်မိုင်၊ သုံးမိုင်အပါအဝင် အဆက်အသွယ် မရဖြစ်နေပါတယ်။ သို့ပါ၍ တောတောင်ရေမြေပေါ်များပြီး ရခိုင်ပြည်နယ်ရှိမြို့များတွင် တာဝါတိုင် အမြင့်ဆုံးတိုင်တစ်တိုင်အပြင် တာဝါတိုင်အသေးစားနှင့် အလတ်စားများကို သင့်တော်ရာတောင်ပေါ် တောင်ကုန်းဒေသများမှာ

တစ်မြို့နယ်လျှင် အနည်းဆုံး ၃ တိုင်စီ ထပ်မံ၍ စိုက်ထူပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက မေးမြန်းထားတဲ့ မေးခွန်းများကို တစ်ပေါင်းတည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ် ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ့်ရဲ့ ဝိုင်းမော်မြို့နယ်နှင့် ချီဖွေ ၂ မြို့နယ် ဆက်သွယ်နေတဲ့ ကားလမ်းမပေါ်မှာရှိတဲ့ ကျေးရွာအုပ်စု ၂၉ ခုမှာ ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေနိုင်စေရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ တယ်လီဖုန်းလိုင်းရရှိအောင် ကူညီဆောင်ရွက်ပေးရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော် ဦးစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှာ တယ်လီဖုန်းသိပ်သည်းဆ တိုးတက်မြင့်မားလာစေဖို့အတွက်နှစ်စဉ်ပဲ စီမံကိန်းများ ချမှတ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒီစီမံကိန်းတွေ အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ မိုဘိုင်းရေဒီယိုစခန်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်နှင့် ချီဖွေမြို့နယ် ၂ မြို့နယ်ရှိ ကျေးရွာ အုပ်စု ၂၉ ခု အပါအဝင် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာများကို သင့်တော်တဲ့ စခန်းများ တပ်ဆင်ပေးဖို့အတွက် ကွင်းဆင်းစိစစ်လျက်ရှိပြီးတော့ ဒီလို ကွင်းဆင်းစိစစ်တွေ့ရှိချက်များနှင့်အတူ ကျွန်တော်တို့ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ အစိုးရအဖွဲ့ရဲ့ ဦးစားပေးအဆင့်လိုက်တင်ပြမှုများပေါ်မှာ ကျွန်တော်တို့ရဲ့ ဆက်လက်ဆောင်ရွက်ရမယ့် စီမံကိန်းများမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်းရဲ့ မေးမြန်းချက်နဲ့ စပ်လျဉ်း ပြီး ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးမှာ ကျွန်တော်တို့ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်မြင့်မားဖို့အတွက် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒီစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီးတော့ မိုဘိုင်းရေဒီယိုစခန်းတွေ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းတွေကို ရှမ်းပြည်၊ မက်မန်းမြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်များမှာ သင့်တော်တဲ့စခန်းများ တပ်ဆင်ပေးဖို့အတွက် ကျွမ်းကျင်တဲ့ ပညာရှင်များ ဒေသအာဏာပိုင်အဖွဲ့အစည်းက ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်များပါဝင်ပြီးတော့ ကျွန်တော်တို့ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ အသေးစိတ် ညှိနှိုင်းပြီးတော့ အစိုးရအဖွဲ့ရဲ့ ဦးစားပေးအဆင့် အလိုက်လိုက် တင်ပြမှုပေါ်မှာ ကျွန်တော်တို့ရဲ့ ဆက်လက်ဆောင်ရွက်ရမယ့် လာမယ့်စီမံကိန်းများမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားပေးပါမယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာလည်း မိုဘိုင်းရေဒီယိုစခန်းတွေကို တိုးချဲ့တပ်ဆင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျွမ်းကျင်ပညာရှင်များနဲ့ မြေပြင်အခြေအနေတွေကို အသေးစိတ် တိုင်းတာတွက်ချက်ပြီးတော့ လိုအပ်တဲ့တာဝါတိုင်များ စိုက်ထူပေးလျက်လည်း ရှိပါတယ်။ အခုအချိန်အထိ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ရှိနေတဲ့ မြို့နယ် ၁၈ ခုမှာ GSM ရေဒီယိုစခန်းပေါင်း ၄၇ ခု တည်ဆောက်ထားရှိပြီးဖြစ်ပြီးတော့ တာဝါတိုင်အများစု ကတော့ တိုင်အရှည် ၄၂ မီတာတိုင်များ ဖြစ်ပါတယ်။ ကျွန်တော့်တို့အနေနဲ့ ပြည်နယ်/တိုင်းဒေသကြီး အားလုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ GSM/UMTS ကျွန်တော်တို့တပ်ဆင်မှု အသစ်တစ်သန်း၊ စက်ပစ္စည်းနဲ့ လုပ်ငန်းတွေ အသစ်လဲလှယ်တာ Swap ၃ သန်း တိုးချဲ့တပ်ဆင် ရေးစီမံကိန်းကို ဆောင်ရွက်သွားဖို့ရှိတဲ့အတွက် ရခိုင်ပြည်နယ် GSM ရေဒီယိုစခန်း ၆ ခု တပ်ဆင်ပေးဖို့ လျာထားထားပြီးတော့ ၂၀၁၄-၂၀၁၅/ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တွေနဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး ထိုအစိုးရအဖွဲ့တွေရဲ့ ဦးစားပေးအလိုက် အဆင့်ဆင့်တင်ပြမှုတွေအပေါ်မှာ ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းတွေမှာ

ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းလေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၄၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်**၊ ။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအစည်းအဝေးကို မိနစ် ၄၀ ခန့် ရပ်နားပါသည်။ ]

**အချိန်**၊ ။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကိုတင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကာယသုခ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့်

တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်း၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပြီး အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအားလုံးနှင့် သက်ဆိုင်လျက်ရှိပါသည်။ ယင်းလုပ်ပိုင်ခွင့်များတွင် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည် ဟူသော အချက်ပါရှိပါသည်။

ဆောင်ရွက်ချက်များ

(၁) ကော်မတီသည် ရက်သတ္တပတ်လျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေးပြုလုပ်ခဲ့ပါသည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်တွင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့၌ ကော်မတီနှင့် ဥပဒေပညာရှင်များတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။

(၃) ကော်မတီဝင်များသည် ၂၅-၉-၂၀၁၂ ရက်နေ့တွင် တာမွေမြို့နယ်တရားရုံး၊ ၂၆-၉-၂၀၁၃ နေ့တွင် အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၇-၉-၂၀၁၂ နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်များသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(၄) ၁-၁၁-၂၀၁၂ နေ့တွင် ပြည်နယ်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်များ နှင့်လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(၅) ၂-၁၁-၂၀၁၂ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်များသို့ ကြည့်ရှုလေ့လာပြီး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ အမှုသည်များ၊ သက်သေများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

(၆) ၈-၁၁-၂၀၁၂ နေ့တွင် ဥပဒေပညာဌာနမှ ပါမောက္ခများ၊ ကထိကများနှင့် ဥပဒေပညာ ပြန့်ပွားရေး၊ ဥပဒေပညာမြင့်မားရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(၇) ၂၆-၁၁-၂၀၁၂ နေ့တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ နေပြည်တော်ခရိုင်တရားရုံးနှင့် ပျဉ်းမနားမြို့နယ်တရားရုံးများသို့လည်းကောင်း၊

(၈) ၄-၁၂-၂၀၁၂ နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တရားရုံးနှင့် ဒေးဒရဲမြို့နယ်တရားရုံးများသို့လည်းကောင်း၊

(၉) ၂၀-၁၂-၂၀၁၂ နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တရားရုံး၊ ပခုက္ကူခရိုင်တရားရုံးနှင့် မြိုင်မြို့နယ်တရားရုံးများသို့လည်းကောင်း၊

(၁၀) ၂၆-၁၂-၂၀၁၂ နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်တရားရုံးနှင့် မအူပင်ခရိုင်တရားရုံးများသို့လည်းကောင်း၊

(၁၁) ၂၈-၁-၂၀၁၃ နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တရားရုံး၊ တောင်ကြီးခရိုင်တရားရုံးနှင့် ပြည်နယ်တရားလွှတ်တော်ရုံးများသို့လည်းကောင်း၊

(၁၂) ၁၁-၂-၂၀၁၃ နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တရားရုံး၊ လွိုင်ကော်ခရိုင်တရားရုံးနှင့် ပြည်နယ်တရားလွှတ်တော်ရုံးများသို့လည်းကောင်း၊

(၁၃) ၂၈-၅-၂၀၁၃ နေ့တွင် ကရင်ပြည်နယ်တရားလွှတ်တော်ချုပ်၊ ဘားအံခရိုင်တရားရုံးနှင့် ဘားအံမြို့နယ်တရားရုံးများသို့လည်းကောင်း၊

(၁၄) ၂၉-၅-၂၀၁၃ နေ့တွင် မွန်ပြည်နယ်တရားလွှတ်တော်ချုပ်၊ မော်လမြိုင်ခရိုင် တရားရုံး၊ မော်လမြိုင်မြို့နယ်တရားရုံး၊ ကျိုက်မရောမြို့နယ်တရားရုံးများသို့လည်းကောင်း၊

(၁၅) ၁၈-၆-၂၀၁၃ နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်တရားရုံး၊ သာယာဝတီမြို့နယ်တရားရုံး၊ ဇီးကုန်းမြို့နယ်တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ ပြည်မြို့နယ်တရားရုံးများသို့လည်းကောင်း၊ သွားရောက်ကြည့်ရှုလေ့လာပြီး အမှုသည်များ၊ သက်သေများ၊ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ယနေ့အထိ ကော်မတီသို့ ပြည်နယ်/တိုင်းအသီးသီးမှ ရောက်ရှိလာကြသော တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များမှာ ၁၁၂၅၉ ကျော်ရှိပါသည်။ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ၃၈၀၀ စောင်ရေ၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ၃၆၀၀ စောင်ရေ၊ လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ၃၄၆၆ စောင်ရေ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လူမှုရေးတို့နှင့်စပ်လျဉ်း၍ ၃၉၃

စောင်ရေစသည်တို့ဖြစ်ကြပါသည်။ ယင်းစာများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တွေ့ရှိချက်များ

တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများနှင့်အညီ တရားစီရင်ကြရပါမည်။ ဥပဒေအချို့၏ အားနည်းချက်များကြောင့် ပြည်သူများနစ်နာလျက်ရှိနေပါသည်။ တရားစွဲအဖွဲ့အစည်းများကလည်း တရားရုံးသို့ ကူညီပံ့ပိုးပေးကြရပါမည်။ ဆက်စပ်ပတ်သက်သည့် တာဝန်ရှိသူများအားလုံး လာဘ်ပေး လာဘ်ယူမှုကင်းရှင်းကြရပါမည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲ ကြရပါမည်။ တရားရုံးလုပ်ထုံးလုပ်နည်းများဖြင့်ဖြစ်စေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများဖြင့်ဖြစ်စေ အရေးယူပေးရပါမည်။ တရားသူကြီးများအနေဖြင့် ယိမ်းယိုင်နေသော တရားရေးမဏ္ဍိုင်ကို ပြန်လည် တည့်မတ်နိုင်ရန် အဂတိတရား ၄ ပါး ကင်းရှင်းစွာဖြင့် ရဲရင့်တည်ကြည်စွာ ဥပဒေပြဋ္ဌာန်းချက်များ အတိုင်းဆုံးဖြတ်ကြရပါမည်။ ဥပဒေအရာရှိများကလည်း တရားရုံးများ၏ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီ/မညီ စိစစ်ပြီး၊ ပြည်သူများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများမနစ်နာစေရန် ဥပဒေနှင့်အညီ အကာအကွယ်ပေးရပါမည်။ ပြည်သူ့ရဲအရာရှိများကလည်း ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ တရားစွဲဆိုခြင်းစသည်တို့အတွက် ဥပဒေပြဋ္ဌာန်းချက်အတိုင်းဆောင်ရွက်ကြပြီး အမှု မှန်ပေါ်ပေါက်ရေးအတွက် ဦးတည်ရပါမည်။

ပြည်သူ့ရဲများအနေဖြင့် လူသတ်မှုများ၊ ဖောက်ထွင်းမှုများတို့ကို မှန်ကန်မြန်ဆန်စွာ မဖော်ထုတ်နိုင်ခြင်း၊ တရားခံကိုတိတိကျကျမဖော်ထုတ်နိုင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို အမိက ဖမ်းဆီးပြီး ရောင်းချသူများကို မျက်ကွယ်ပြုထားခြင်း၊ မူးယစ်ဆေးဝါးပြဿနာများ ကြီးထွားနေသော်လည်းဖမ်းဆီးတရားစွဲဆိုခြင်းများ နည်းပါးနေခြင်း၊ ဓာတုဗေဒကျွမ်းကျင်သူတို့ကလည်း သက်သေခံ ပစ္စည်းကို စနစ်တကျစစ်ဆေး၍ တိတိကျကျအဖြေထုတ်ပေးရန်လိုခြင်း၊ မှုခင်းဆရာဝန်များ ကလည်း မိမိတို့၏စစ်ဆေးတွေ့ရှိချက်များကို တရားရုံးများသို့ မှန်မှန်ကန်ကန်တင်ပြရန်လိုခြင်း၊ တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ကြသော ဥပဒေအရာရှိများ၊ ရှေ့နေများကလည်း မိမိတို့၏ကျင့်ဝတ်သိက္ခာ ကိုစောင့်ထိန်းလိုက်နာကြရန်လိုခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုခြင်း၊ ဥပဒေ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများ၏ ပျော့ကွက်၊ ဟာကွက်ကိုအခွင့်ကောင်းယူပြီး လိုရာဆွဲမဆုံးဖြတ် ရန်လိုအပ်နေခြင်း၊ အချို့တရားရုံးများ အမှုစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်း၊ စီရင်ချက်ချခြင်းတို့တွင် ဥပဒေနှင့်အညီမလိုက်နာခြင်း၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများဖြစ်သော ဥပဒေနှင့်အညီ

လွတ်လပ်စွာ တရားစီရင်ရေးအတွက် အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်မစွက်ဖက်ရန်လိုခြင်း၊ ဥပဒေအေရ တားမြစ်ချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေးအမှုများတွင် ခုခံချေပခွင့်နှင့် အယူခံပိုင် ခွင့်ပေးရေးတို့ကို လေးစားလိုက်နာရန်လိုခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးများကလည်း ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေးဥပဒေနှင့်အညီ ရွေးချယ်မှုမရှိခြင်း၊ ပြည်သူ လူထုယုံကြည်ထောက်ခံမှုဖြင့် ဥပဒေနှင့်အညီ ရွေးချယ်ပြီးသူကိုလည်း ၎င်းတို့လိုလားသူမဟုတ်သည့် အတွက် ခန့်အပ်မှုမပြုဘဲ ဥပဒေကိုချိုးဖောက်နေခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအချို့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တပျက်ပြားမှုကို ဖြစ်စေသော KTV ဆိုင်များကို အုပ်ချုပ်ရေးပိုင်ရဲနှင့် စည်ပင်တို့က သိလျက်နှင့်လျစ်လျူရှုထားခြင်း၊ လောင်းကစားမှုများကို မသိ ကျိုးကျွန်ပြုထားခြင်း၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများသည် ဝန်ထမ်းများဖြစ်ကြ၍ ပြည်သူလူထု ကိုဗဟိုမပြုဘဲ အထက်လူကြီးများကိုသာ ဗဟိုပြုနေကြခြင်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ဥပမာ- လူသတ်မှု၊ လုယက်မှု၊ လူမှောင်ခိုကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုများ ပြားနေခြင်း၊ လယ်ယာခြံမြေများကို ဥပဒေမဲ့ သိမ်းဆည်းခံထားရခြင်း၊ သိမ်းဆည်းထားသူများက သီးစားခယူပြီး လုပ်ကိုင်ခြင်း၊ လယ်ယာ မြေနှင့်အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏အစီရင်ခံစာအရ ဆုံးဖြတ်ပြီးဖြစ်သော်လည်း မူလပိုင်ရှင်များထံ ပြန်မရသေးခြင်း၊ ကျူးကျော်မှုဖြင့်ပင် ပြန်လည်တရားစွဲဆိုခံနေရခြင်း၊ ပြန်လည်မပေးအပ်နိုင်ရေးအတွက် အဆောက် အဦကို အတင်းတွန်းဆောက်နေခြင်း၊ အမှန်တကယ်လုပ်ကိုင်မည့် အင်းလုပ်သားများထံ အင်းများကို ဥပဒေနှင့်အညီလေလံမပစ်ခြင်း၊ ပြည်သူပိုင်သိမ်းထားသော ပစ္စည်းအချို့ကို ပြန်ပေးသည့်စာသာရရှိ သော်လည်း ပစ္စည်းလက်ရောက်မရခြင်း၊ အချို့မြို့နယ်များတွင် ပြည်တွင်းအခွန်များဦးစီးဌာနက တံဆိပ်ခေါင်းခွန်၊ ရုံးခွန်များ လုံလောက်စွာရောင်းချမှုမရှိခြင်း၊

သုံးသပ်ချက်များ

တရားဥပဒေစိုးမိုးရေးသည် တိုင်းပြည်အတွက် အဓိကကျသည့်အပြင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့် ချိတ်ဆက်လျက်ရှိပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်လည်း တိုက်ရိုက်သက်ဆိုင်လျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးသည် တရားစီရင်ရေးကဏ္ဍ တစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ပါ။ အာဏာပိုင်အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းနှင့် လည်းသက်ဆိုင်ပါသည်။ အာဏာပိုင်များ၏ ဖိအားပေးမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ လွှမ်းမိုးမှုများ ရှိနေပါသည်။ တရားရုံး၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်စေရန် တရားရုံးနှင့် ရုံးသုံးပစ္စည်းများကိုလည်းခေတ်

နှင့်အညီ အဆင့်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ ကော်မတီ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တရားစီရင်ရေးတွင် အုပ်ချုပ်ရေးပိုင်း၏ ဝင်ရောက်စွက်ဖက်မှုများ၊ လာဘ်ပေးလာဘ်ယူမှုများ လျော့ပါးလာကြောင်း၊ ရှေ့နေအသိုင်းအဝိုင်း၊ တရားရေးဝန်းကျင်နှင့် ပြည်သူလူထုအကြားတွင် ကြားသိရပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဤအရှိန်အဟုန်ကိုပိုမို တိုးမြှင့်သွားရန်လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသော အကြောင်းကိစ္စများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အခြေအနေမပေးသဖြင့် ကော်မတီအနေဖြင့် ယခင်က ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် ယင်းကိစ္စများနှင့် ပတ်သက်ဆက်စပ်သည့်အဖွဲ့အစည်းများ အရည်အသွေးမြှင့်တင်ရေး၊ နိုင်ငံတကာအကူအညီရရှိရေး၊ သင်တန်းပေးရေး တို့ကိုဆောင်ရွက်ခဲ့ပါသည်။ နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဓိကဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။ အထူးသဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးပိုင်းက ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မအောင်မြင်နိုင်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဗဟိုကပြုပြင်မှုများ၊ ဖြေလျှော့မှုများ လမ်းညွှန်ပြောကြားနေသော်လည်း အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းအဖွဲ့အစည်းများတွင် ရာစုထက်ဝက်ကျော်စွဲကပ်နေသော အလေ့အကျင့်စရိုက်လက္ခဏာများ၊ အကျင့်ပျက်ခြစားမှုများ မပျောက်မပျက်ရှိနေခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ အကြံပြုချက်

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေဖြင့် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်ဆက်လက်ဆောင်ရွက်သွားပါမည်-

- တရားဥပဒေစိုးမိုးရေးအတွက် စည်းရုံးခြင်း၊ ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ သင်တန်းပေးခြင်းတို့ပြုလုပ်ရပါမည်။ ပြည်သူ့အသံကိုနားထောင်ပြီး ဘက်ပေါင်းစုံမှလေ့လာရပါမည်။
- ပြစ်မှုကျူးလွန်မှုများအား အပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရပါမည်။ ပြစ်ဒဏ်ကျခံရသူများကိုလည်း နောက်နောင်ရာဇဝတ်မှုကျူးလွန်ခြင်းမှ ကင်းလွတ် စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားပေးပြီး လူ့အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင် အောင်ဖန်တီးပေးရန်လိုပါသည်။

- နယ်ခြားစောင့်တပ်ဖွဲ့များ စားဝတ်နေရေးပြေလည်စေရန် နယ်စပ်လုံခြုံရေးနှင့် ကြီးကြပ်ရေးပိုပြင်စေရန်တို့ကို နိုင်ငံတော်အစိုးရက တာဝန်ယူဖြေရှင်းရန် လိုအပ်ပါမည်။
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကိစ္စနှင့် စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ သီးနှံများအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးများဆောင်ရွက်ပေးရန်၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးများဆောင်ရွက်ပေးရန်၊ မူးယစ်ဆေးဝါးကင်းစင်ရန် အသိပညာပေးရေး၊ လှုံ့ဆော်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက စနစ်တကျထိထိရောက်ရောက် လုပ်ဆောင်ပေးရန် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို မျက်ခြေမပျက်ကြီးကြပ်သွားရန် အထူးလိုအပ်ပါသည်။
- အရပ်ဘက်လူ့မှုအဖွဲ့အစည်းများ (CSO)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) စသည့်အဖွဲ့အစည်းများကို တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်များ မထားဘဲ တည်ထောင်ခွင့်ပေးရပါမည်။ ယင်းအသင်းအဖွဲ့များကလည်း ပညာပေးရေး၊ လှုံ့ဆော်ရေး၊ စည်းရုံးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
- အခြေအနေ၊ အချိန်အခါနှင့် မညီညွတ်သော တရားဥပဒေစိုးမိုးရေးအတွက် အဟန့်အတားအနှောက်အယှက်ဖြစ်စေသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့ကို အမြန်ဆုံးပြင်ဆင်သင့်ကပြင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ပြီးအသစ်ပြဋ္ဌာန်းသင့်က ပြဋ္ဌာန်းရပါမည်။
- ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင် ဥပဒေအာဏာတည်စေရေး (Law Enforcement) များအထူးကောင်းမွန်စေရန် အမြဲမပြတ်ဝေဖန်ထောက်ပြရပါမည်။
- ကျောင်းများတွင် လူမှုကျင့်ဝတ်ဆိုင်ရာသဘောတရားများ၊ ဥပဒေပညာအခြေခံများကို သင်ခန်းစာတစ်ခုအဖြစ် ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်သင့်ပါသည်။
- ကုလသမဂ္ဂ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးသဘောတူညီချက် (United Nations Convention Against Corruption) အရပါလီမန်အမတ်များသည်လည်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွင် ဝင်ရောက်ဆောင်ရွက်နေကြပါသည်။ ယခုအခါ GOPAC (Global Organization For Parliamentarians Against Corruption) အဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၃၅ နိုင်ငံရှိပြီးဖြစ်ပါသည်။ အလားတူ SEAPAC( အရှေ့တောင်အာရှ

ပါလီမန်အမတ်များ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့) တွင်လည်း ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွတ်လပ်သော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ ကိုဖွဲ့စည်းသင့်ပါသည်။ အဆိုပါအဖွဲ့များသည် CSO များ၊ NGO များစသည်တို့နှင့် လည်းကောင်း၊ အစိုးရကဖွဲ့စည်းထားသော လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက် ရေးကော်မတီနှင့်လည်းကောင်း ချိတ်ဆက်လုပ်ကိုင်နိုင်လျှင် အကျင့်ပျက်ခြစားမှု တိုက်ဖျက် ရေးပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါသည်။

- ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခြင်းဆိုသည်မှာ တိုင်းရင်းသားပြည်သူပြည်သားများအားလုံး ဘဝလုံခြုံမှုအတွက် စိတ်အေးချမ်းသာစွာဖြင့် တရားဥပဒေ၏ အကာအကွယ်အတွင်းမှ လက်ရည်တပြင်တည်း နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည့် ငြိမ်းချမ်းရေးမျိုးဖြစ်ရန် ရည်မှန်းချက်ထားရှိရပါမည်။ ၂၅-၇-၂၀၁၃ နေ့တွင် ကျင်းပပြုလုပ်သော တရားဥပဒေ စိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ် အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂ ရက် ယနေ့ ၁၅း၀၀ နာရီအချိန်အရောက် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော မြန်မာနိုင်ငံရေကြောင်းပညာ

တက္ကသိုလ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်ရှင်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ၂၅-၆-၂၀၁၃ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၁၇-၇-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ကြောင်း ရည်ညွှန်း (၁) ပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ယင်းအတည်ပြုချက်ကို ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ၅-၈-၂၀၁၃ ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပြီး ထပ်မံပြင်ဆင်ဖြည့်စွက်ရန်မရှိပါကြောင်း အထက်ရည်ညွှန်း (၂)ပါစာဖြင့် အကြောင်းကြားလာပါတယ်။

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ၁၄-၂-၂၀၀၂ ရက်စွဲဖြင့် ဥပဒေအမှတ် (၁/၂၀၀၂)အဖြစ် ထုတ်ပြန်ခဲ့တဲ့ ဥပဒေဖြစ်ပြီး အခန်း ၉ ခန်းနှင့် ပုဒ်မပေါင်း ၂၂ ခုပါရှိပါတယ်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၈ ခု ပါရှိပြီး ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုဒ်မ ၂ ပုဒ်မခွဲ (ဂ)၏ နောက်၌ ပုဒ်မခွဲ (ဃ) ကို ဖြည့်စွက်ခြင်း၊

(ခ) ပုဒ်မ ၇ ပုဒ်မခွဲ (င) ကို စကားရပ် အစားထိုးခြင်း၊

(ဂ) ပုဒ်မ ၁၈ ကို စကားရပ် အစားထိုးခြင်း၊

(ဃ) ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မများ အမှတ်စဉ် ပြောင်းလဲစီခြင်း၊

(င) ပုဒ်မ ၂၂ နောက်၌ ပုဒ်မ ၂၃ ကို ဖြည့်စွက်ခြင်း၊

(စ) ပုဒ်မ ၂၄ ကို စကားရပ် အစားထိုးခြင်းစသည်တို့ ဖြစ်ပါတယ်။

၅။ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများ အနက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေအား လက်ရှိ အခြေအနေအရ ခေတ်နှင့်လိုက်လျော ညီထွေမှု မရှိတော့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ရန် ရည်ရွယ်ကြောင်း တွေ့ရှိရပါတယ်။

၆။ အမျိုးသားလွှတ်တော်က ယင်းပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် စကားလုံးကျစ်လျစ် စေရန်နှင့် ခေတ်နှင့်လျော်ညီသည့် အသုံးအနှုန်းများ ဖြစ်စေရန် ပြင်ဆင်ပေးထားကြောင်း လေ့လာ တွေ့ရှိရပါတယ်။

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့်အတူ ၆-၈-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အချက် ၁၂ ချက်နှင့်အညီ လေ့လာစိစစ် ခဲ့ကြရာ ညီညွတ်မှု ရှိပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောတူညီသင့်ပါကြောင်း ဆုံးဖြတ်ခဲ့ကြ ပါသည်။

၈။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ် ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေး လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၁၅-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးရန် ဖြစ်ကြောင်းတင်ပြပါတယ်။

# အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပြန်လည်ပေးပို့သော ဓာတုပစ္စည်းနှင့်ဆက်စပ် ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၂၇-၂-၂၀၁၃ ရက်နေ့က အတည်ပြုခဲ့တဲ့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၈-၂-၂၀၁၃ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းကို ၂၃-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၅-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများ အလိုက် အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အချို့ကို သဘောတူပြီး ၁၂ ချက်ကို သဘောမတူဘဲ ပြန်လည်ပေးပို့လာခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁၂ ချက်နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁(က)အရ လွှတ်တော်သို့ တင်ပြရန် ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်တင်ပြချက်များအား ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၁(ဃ)အရ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ၆-၂-၂၀၁၃ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၂၇-၂-၂၀၁၃ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကပေးပို့သည့်

ယင်းဥပဒေကြမ်းကို ၁၈-၇-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အကြောင်းကြားလာပါသည်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းပြင်ဆင်ချက်များဟာ ၂၉-၇-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးဖြန့်ဝေခဲ့ပြီး ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှ ပြင်ဆင်ချက်အဆို တင်သွင်းလိုသော ကိုယ်စားလှယ်များသည် ၅-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့ပါသည်။ ထိုသို့ ကြေညာခဲ့သော်လည်း ပြင်ဆင်မည့်အဆိုတင်သွင်းမည့် ကိုယ်စားလှယ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၆၆ ချက်အနက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူသည့် အချက် ၅၄ ချက်ရှိပြီး ကျန် ၁၂ ချက်အား ပြင်ဆင်ချက်များ ဖြင့်သဘောတူကြောင်း တွေ့ရှိရပါသည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၁၂ ချက်နှင့် စပ်လျဉ်းပြီး လေ့လာစိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့သည် ၃၀-၇-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ဤဥပဒေကြမ်းမှာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် များကို စိစစ်ခဲ့ရာတွင် (က) ဥပဒေခေါင်းစီး၊ ပုဒ်မနှင့် ပုဒ်မခွဲ (က)နှင့်(ဃ)၊ ပုဒ်မ ၇ ပုဒ်မခွဲ (ခ)နှင့် (စ)၊ ပုဒ်မ ၈ ပုဒ်မခွဲ (ဇ)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)တို့သည် ဥပဒေရေးထုံးနှင့်ညီညွတ် စေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ်ကို ပိုမိုပြည့်စုံစေရန်အတွက်လည်းကောင်း ပြင်ဆင်ခြင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ(က)တို့သည် ဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့ ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်းတို့ကြောင့် ပြင်ဆင်ရခြင်း၊ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၄၄ ကို ပြဋ္ဌာန်းပြီး ဥပဒေများ၏ ရေးထုံးနှင့်ညီညွတ်စေရန်နှင့် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်သင့်သော်လည်း အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဥပဒေ၏ ရည်ရွယ်ချက်ကို မပြောင်းလဲစေခြင်း၊ လက်တွေ့ကျင့်သုံးဆောင်ရွက်ရာတွင်လည်း အခက်အခဲတစ်စုံတစ်ရာမရှိခြင်းတို့အပြင် ဥပဒေတစ်ရပ်အတည်ပြုပြဋ္ဌာန်းရာတွင် မလိုလားအပ်သော ကြန့်ကြာမှုများ မရှိစေလိုခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လက်ခံသင့်ပါကြောင်း သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ

အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀(ဃ)အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီ၏ ကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုသည့်အတိုင်း လက်ခံသဘောတူသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒီဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ကြောင်းများ ထိန်းသိမ်းရေးဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုကို ၂-၇-၂၀၁၃ ရက်နေ့တွင် ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ယင်းဥပဒေများကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ပါမယ်။ အပိုဒ်၊ အပိုဒ်ခွဲ အလိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒ

သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဗယားကို မူတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးဖေ(ကိုကိုးကျွန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုကိုးကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက် အမှတ်စဉ် ၁ အပိုဒ် နိဒါန်းအပိုင်းနှင့် ပတ်သက်ပြီး ကျွန်တော်မှ ဖြည့်စွက်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ တင်ပြမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၁ အပိုဒ် နိဒါန်းပါ မူလပြဋ္ဌာန်းချက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ယင်း၏ နောက်တွင် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၆) ဟု ထပ်မံ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ထပ်မံဖြည့်စွက်ရခြင်းရဲ့ အကြောင်းမှာ မူလဥပဒေ၏အမည်မှာ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၆) ဟု ပြည့်စုံစွာ ဖော်ပြထားပါတယ်။ ယင်းဖော်ပြချက်နှင့်အညီ မူလရည်ညွှန်းဥပဒေ၏ အမည်အား ပြည့်စုံစွာ ထည့်သွင်းဖော်ပြလိုပါတယ်။ ထို့ကြောင့် ကျွန်တော်ရဲ့ ဖြည့်စွက်ချက်အား ထည့်သွင်းပေးပါရန် တင်ပြရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် ပြန်လည် ဖြည့်စွက်တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေရဲ့ နိဒါန်းပိုင်းနှင့်ပတ်သက်ပြီး ကိုကိုးကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေရဲ့ တင်ပြချက်အား ပို့ဆောင်ရေးဝန်ကြီးဌာနမှ သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးအေးဖေ၊ ကိုကိုးကျွန်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်တင်ပြချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအေးဖေရဲ့ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးအေးဖေ၊ ကိုကိုးကျွန်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီအစဉ် ၂ အခန်း (၅) အပိုဒ် ၁၃ ပါ ဦးစီးဌာနရဲ့ သတိပေးအမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် လိုအပ်သလိုတပ်ဆင်ရမည့်အစား သတိပေးအမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြီး လိုအပ်သလို ပြောင်းလဲတပ်ဆင်ရမည်ဟု ပြင်ဆင်ထားပါတယ်။ အကြောင်းကတော့ ရေယာဉ်များ သွားလာ ခုန်မောင်းနေတဲ့ မြစ်ချောင်းများဟာ အချိန်နှင့်အမျှ ရေကြောင်းများ ပြောင်းလဲတတ်ပါတယ်။ ပြောင်းလဲလာတဲ့ ရေကြောင်းများအလိုက် အမှတ်အသားများကိုလည်း အချိန်နှင့်တစ်ပြေးညီပြောင်းလဲဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများရဲ့ အခန်း (၅) နည်းဥပဒေ ၁၃ နှင့်ပတ်သက်ပြီး ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာတင်မောင်ကြိုင်၊ ကြံခင်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါင်းတည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းဖြစ်ပြီး ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကန့်လန့်ဖြတ်ဇယားအရ အခန်း(၁၁) နည်းဥပဒေ ၅၄ အောက်တွင် အသစ်ဖြည့်စွက်ချက်အနေနဲ့ ၅၅(က) ဦးစီးဌာနသည် နည်းဥပဒေ ၅၃ နှင့် ၅၄ တို့အရ ထောက်ခံချက်တောင်းခံခြင်းကို စိစစ်ရာတွင် ခရီးသည်များ ဆင်းသက်ရန်နှင့် ကုန်စည်များတင်ချနိုင်စေရေး ဆိပ်ကမ်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ရေအရည်အသွေး ညစ်ညမ်းမှုမရှိစေရေးတို့အတွက် မြို့ရွာများ၏ ဆိပ်ကမ်းနယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းကို ခွင့်မပြုရ။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အထက်ပါဆိပ်ကမ်းနယ်နိမိတ်များအတွင်း မြေများဖို့၍ လည်းကောင်း၊ ပိုင်တိုင်များ ရိုက်၍သော်လည်းကောင်း၊ ဧရာဝတီမြစ်ထဲအထိ အဆောက်အအုံများကို ခိုင်မာစွာဆောက်လုပ်နေကြပါသဖြင့် လှေ၊ သင်္ဘော၊ သဗ္ဗာန်များ ဆိုက်ကပ်သည့်နေရာများ ကျဉ်းမြောင်းလာခြင်း၊ စွန့်ပစ်အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီး၍ သောက်သုံးရေသန့်ရှင်းမှုမရှိခြင်းနှင့် ဆိပ်ကမ်းပတ်ဝန်းကျင်သာယာလှပမှုများ ပျက်စီးလာခြင်းများကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဖြည့်စွက်ရခြင်းဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤလွှတ်တော်ကြီးသို့ လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများရဲ့ အခန်း (၁၁) နည်းဥပဒေ ၅၄ အောက်မှာ ပြည်မဲဆန္ဒနယ် ဦးဝင်းမြင့်ကနေပြီးတော့ ပြင်ဆင်ချက်ကို ထည့်သွင်းဖို့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ရန် တင်ပြချက်ကို ကန့်ကွက်ရန် မရှိပါဘူး။ ဦးဝင်းမြင့်နှင့် ညှိနှိုင်းထားချက်အရ ဒီ ၅၄ အောက်မှာ သွား ထည့်လိုက်လို့ရှိရင် ၅၄ ရဲ့ မူလဆိုလိုရင်း အဓိပ္ပာယ်ကို ပျက်ပြားစေနိုင်မယ့်အတွက် ပုဒ်မ ၅၅ နောက်မှာ အပိုဒ်(က)အနေနဲ့ ထည့်သွင်းဖို့ အကြံပြုထားပါတယ်။ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ ပြင်ဆင်တင်ပြချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့် တင်ပြတဲ့ အဆိုပြုတင်ပြချက်ကို ကန့်ကွက်ရန် ရှိပါသလား။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ထည့်တာကို ကန့်ကွက်ရန် မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ မဲဆန္ဒနယ်မြေဟာ ဆိပ်ကမ်းအားလုံးရှိတဲ့ မြို့တွေ ဖြစ်ပါတယ်။ ဧရာဝတီမှာ။ စာသားနည်းနည်းလွဲနေတယ်လို့ ယူဆလိုပါ။ တောင်းခံချက်ကို စိစစ်ရာတွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချနိုင်ရေး ဆိပ်ကမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးဆိုတဲ့ လုပ်ငန်း ၃ ရပ်ဟာ ဦးစားပေးရမှာ မှန်ပါတယ်။ အဲ့ဒီလုပ်ငန်း ၃ ရပ်က လွဲရင်တော့ ကျန်တဲ့ အဆောက်အဦတွေ ခွင့်မပြုသင့်ဘူးဆိုမှ မှန်မှာဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်း ၃ ရပ်မှာလည်း ဆောက်လုပ်ရေး လုပ်ငန်း Construction Work ပါမှာဖြစ်တဲ့အတွက် ဒီထဲမှာ ရေးထားတဲ့ ပုံစံအရဆိုရင် ဘာအဆောက် အဦမှ ခွင့်မပြုပါဘူးလို့ ဖြစ်သွားမှာ ဖြစ်တဲ့အတွက် လက်ရှိတည်ထားတဲ့ မြို့တွေ ကျွန်တော်တို့လို မြို့တွေဆိုရင် တစ်မြို့လုံးဖျက်ပစ်ရမှာ ဖြစ်ပါတယ်။ ဒါဆို ဥပဒေကြီးက ရှေ့နောက်မညီညွတ်ဘူးလို့ ဖြစ်နိုင်ပါတယ်။ ဒီအပိုဒ်ကို ထည့်ဖို့ခွင့်ပြုမယ်ဆိုရင် အဆိုပါ ညစ်ညမ်းမှုမရှိစေရေးဆိုတဲ့စာသား အထိ ၎င်းလုပ်ငန်းတို့မှအပ ကျန်အဆောက်အဦများ ဆောက်လုပ်ရေးမပြုရဆိုရင် သင့်တော်မယ်၊ အဓိပ္ပာယ်လည်း ပိုပြီးတော့ တည့်မတ်သွားမယ်လို့ ယူဆတဲ့အတွက်

ဒီနေရာမှာ အဲ့ဒီလိုလေးများ ဖြည့်ပြီးတော့မှ အတည်ပြုလိုက်ရင် ပိုကောင်းမယ်ထင်လို့ ကန့်ကွက်တင်ပြရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားထပ်မံရှင်းလင်းတင်ပြပါ။

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှေ့နောက်ညီညွတ်စေရန်အတွက် ထည့်သွင်းဖို့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပြင်ဆင်ထပ်မံအဆိုပြုထားတဲ့ ဦးဝင်းသန်း ပြင်ဆင်လိုတဲ့ အကြောင်းအရာကို ထပ်မံတင်ပြပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မူလအဆိုပြုချက် အပိုဒ် ၅၅(က) ဦးစီးဌာနသည် နည်းဥပဒေ ၅၃ နှင့် ၅၄ တို့အရ ထောက်ခံချက်တောင်းခံခြင်းကို စိစစ်ရာတွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချနိုင်စေရေး၊ ဆိပ်ကမ်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး နှင့် ရေအရည်အသွေးညစ်ညမ်းမှုမရှိစေရေး အဲ့ဒီနေရာမှာ ထည့်ပါမယ်ခင်ဗျား။ မရှိစေရေးတို့မှအပ ဆိုပြီးတော့ အတွက်ကို ဖြုတ်ပါမယ်ခင်ဗျား။ ညစ်ညမ်းမှုမရှိစေရေးတို့မှအပ ဆိုပြီးတော့ မူလအတိုင်း မြို့ရွာများ၏ ဆိပ်ကမ်းနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းကို ခွင့်မပြုရ။ ကျွန်တော် ထပ်မံတင်ပြပါမယ်ခင်ဗျား။ ညစ်ညမ်းမှုမရှိစေရေးတို့နောက်မှာ မှအပဆိုတာထည့်ပြီးတော့ အတွက် ဆိုတာဖြုတ်ရင် ပြည့်စုံလုံလောက်မှုရှိပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ပြင်ဆင်အဆိုပြုချက်ကို ထပ်မံဖြည့်စွက်၍ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က ဦးစီးဌာနသည် နည်းဥပဒေ ၅၃ နှင့် ၅၄ တို့အရ ထောက်ခံချက် တောင်းခံခြင်းကို စိစစ်ရာတွင် ခရီးသည်များဆင်းတက်ရန်နှင့် ကုန်စည်များတင်ချနိုင်စေရေး၊ ဆိပ်ကမ်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ရေအရည်အသွေး ညစ်ညမ်းမှုမရှိစေရေးတို့မှ အပ မြို့ရွာများ၏ ဆိပ်ကမ်းနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းကို ခွင့်မပြုရ ဒီအပိုဒ်ကို ပုဒ်မ ၅၅ (ခ)မှာထည့်ပါမယ်။ ဒါနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်နှင့် ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်တို့ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ကို ၁၂း၃၀ နာရီတွင် ရပ်နားပါသည်။ ]